# "ကျောင်းအုပ်မှမိဘထံသို့"

ဇူလိုင်လ(၄)ရက်။ ရေးသားသူ-ကမီးလီးယာ၊ ရိုမေးနီးယားနိုင်ငံ

(ယခုသုံးလပတ်အလှူငွေဟုသိရှိသော ၁၃ပတ် အလှူငွေသည်ရိုမေးနီးယားနိုင်ငံ၊မာစီယာမြို့၌ရှိသော သတ္တမနေ့အသင်းတော်၏မူလတန်းကျောင်းအတွက်ဖြစ်ပြီး၊ထိုကျောင်းမှအဖြစ်အပျက်ကိုတင်ပြခြင်းဖြစ်သည်။)

မိခင်တစ်ဦးသည်စိတ်ကိုပြင်ဆင်ပြီး ရိုမေးနီးယားနိုင်ငံ၊မာစီယာမြို့၌ရှိသော သတ္တမနေ့အသင်းတော်၏ကျောင်းအုပ်ဆရာမကြီးရုံးခန်းသို့ ဝင်ရောက်ခဲ့သည်။

"ကျွန်မရဲ့သားကိုကျောင်းထုတ်ဖို့လာခဲ့တာပါ" ဟုအစချီကာ "ကျွန်မခင်ပွန်းသည်နဲ့ကွာရှင်းပြီး အခြားမြို့ကိုပြောင်းတော့မလို့ပါ။ အိမ်အသစ်က ဒီကျောင်းနဲ့ဝေးတဲ့အတွက်ကျောင်းပြောင်းထားဖို့ပါ" လို့ ဆက်လက်ရှင်းပြပါသည်။

ကျောင်းအုပ်ဆရာမကြီး ကမီးလီးယာသည် ၈နှစ်သားလေးအန်တိုနီရိုကိုအမေဖြစ်သူမှကျောင်းပြောင်း၍အစိုးရကျောင်းတွင်တက်ရောက်ပညာသင်ကြားစေလိုကြောင်းကြားသိရသောအခါဝမ်းနည်းခဲ့မိပါသည်။ သူမစိတ်မကောင်းစွာဖြင့်မေးခွန်းပြန်မေးလိုက်ပါသည်။

"မနက်ဖြန်ခင်ပွန်းနဲ့အတူကျွန်မဆီပြန်လာခဲ့မလား" ဆိုပြီးမေးလိုက်တဲ့အခါ၊ မိခင်ဖြစ်သူသည်ခင်ပွန်းသည်ကိုခေါ်ဆောင်လာခဲ့ပါသည်။

"လင်မယားကွာရှင်းရင်ဆုံးရှုံးမှုကြီးမားပါတယ်" ဟု ကမီးလီးယာကပြောလိုက်ပါသည်။ "သားလေးအန်တိုနီရိုဟာ သူ့မိဘနဲ့ကျောင်းကိုဆုံးရှုံးရလိမ့်မယ်" လို့ သတိပေးလိုက်ပါတယ်။

ဒီအိမ်ထောင်ရေးကိုစိတ်ပျက်လွန်းလို့ကွာရှင်းရန်စိတ်ဆုံးဖြတ်ထားသော်လဲဖခင်မှာကွာရှင်းလိုခြင်းမရှိပါ။

ထိုမိဘနှစ်ပါးသည် ပုံမှန်ဘုရားကျောင်းတက်သူများမဟုတ်ကြောင်း ကမီး လီးယာ သိသည်။ ထို့ကြောင့် ကျမ်းစာထဲမှာဘုရားသခင်ပြုပေးသော ထိမ်းမြားမင်္ဂလာဆောင်ခြင်းကို ဒေင်ဥယျာဉ်ထဲ၌ကျင်းပခဲ့၍ ကွာရှင်းခြင်းကို မနှစ်သက်ကြောင်း ပြောပြခဲ့သည်။ "ဘုရားသခင်ဖက်စပ်၍ ထမ်းဘိုးတင်တော်မူသောအရာကို လူမခွဲခွာစေနှင့်"ဟူသောသခင်ယေရှုမိန့်တော်မူချက်ကိုကိုးကား၍ပြောဆိုလိုက်သည်။ (မဿဲ ၁၉း၆)။

"ကွာရှင်းတယ်ဆိုတာဘုရားအစီအစဉ်မဟုတ်ဘူး""စာတန်ရဲ့လုပ်ကြံမှုပါ။ မိသားစုပြိုကွဲအောင်စာတနလုပ်ဆောင်ပြီးအိမ်ထောင်ကွဲတဲ့မိခင်၊ ဖခင်တွေဟာ ပတ်ဝန်းကျင်မှာအဖော်မဲ့စွာစိန်ခေါ်မှုတွေကိုတစ်ဦးတည်းခက်ခဲစွာ ဖြေရှင်းစေချင်လို့ဖြစ်ပါတယ်" လို့ ကမီးလီးယာက ဆက်ပြီးပြောပြခဲ့ပါတယ်။

အမေနှင့်အဖေဟာစိတ်ဝင်စားစွာနားထောင်လျက်ရှိသည်။"ကျွန်မရဲ့အတွေးကတော့၊လင်မယားစကားများငြင်းခုံမယ့်အစားတစ်ယောက်ကိုတစ်ယောက်ကျေးဇူးတင်စကားလေးပြောကြည့်ပါလား"လို့ကမီးလီးယာကအကြံပေးခဲ့ပါသည်။ ဘယ်အချက်တွေ ကြိုက်လဲ၊ ကောင်းကွက်လေးတွေ အပြန်အလှန်ရှာကြည့်ကြပါလား" လို့ ဆက်ပြောလိုက်ပါသည်။

အန်တိုနီယိုကို ကျောင်းထုတ်ပြီးပြောင်းရွှေ့မယ့် အစီအစဉ်ကို ခဏရပ်ထားရန်မိခင်မှသဘောတူလိုက်ပါသည်။ ရက်အနည်းငယ်ကြာသောအခါလင်မယားထပ်ပြီးရန်ဖြစ်၍ကျောင်းအုပ်ဆရာမကြီးရုံးခန်းသို့ရောက်လာကာ၊ လင်မယားကွဲပြီးအန်တိုနီယိုကိုကျောင်းပြောင်းရန် ထပ်မံပြီးပြောဆိုခဲ့ပြန်ပါသည်။

"ကျွန်မခင်ပွန်းကအလုပ်မရှိ၊ ဝင်ငွေမရှိ၊မိသားစုကိုမထောက်ပံ့နိုင်ပါဘူး။သူကမိသားစုကိုဂရုမစိုက်ပါဘူး" လို့ မိခင်က ပြောပြပါသည်။

ဆရာမကြီး ကမီးလီးယာသည်သူမကိုသနားမိ၍စာနာသော်လည်း၊ခင်ပွန်းကိုသီးခံရန်ဖျောင့်ဖျ၍ အလုပ်အကိုင်ရှာဖွေရခက်ခဲကြောင်း ပြောပြခဲ့သည်။

မိခင်ကဆရာမကြီးပြောပြမှုကိုလက်ခံ၍စိတ်လျှော့ကာအိမ်ထောင်မကွဲရန် လက်ခံခဲ့ပါသည်။

လင်မယားထပ်၍စကားများရာတွင်ခင်ပွန်းဖြစ်သူမှဆရာမကြီးထံဖုန်းဆက်၍ "ကျွန်တော့်ဇနီးသည်ကရှင်ဟာအလုပ်မရှိ၊ပိုက်ဆံမရှိ၊ မိသားစုကိုဂရုမစိုက်ဘာမှ မဆောင်ရွက်ပေးနိုင်တဲ့ကောင်" လို့ ပြောလာကြောင်းတိုင်တန်းပါသည်။

ဆရာမ ကမီးလီးယာသည် ခင်ပွန်းဖြစ်သူကိုလည်း အလုပ်ရှာဖွေရန်တိုက်တွန်းလိုက်ပါသည်။ "သင့်ရဲ့မိသားစုကိုချစ်ကြောင်းသက်သေပြလိုက်ပါ"လို့ အားပေးခဲ့ရသည်။

"ဒါဆို သူမပြောသလို ကျွန်တော်ကအလုပ်လုပ်ရမယ်ပေါ့"လို့ ခင်ပွန်းသည်ကပြန်ပြောလိုက်ပါတယ်။

"ဟုတ်ပါတယ်" "သင့်ရဲ့ဇနီးနဲ့ကလေးကထောက်ပံ့မှုလိုအပ်တယ်။ဒါကြောင့် အလုပ်ရှာပါ။ သားလေးကိုပြုစုပျိုးထောင်ဖို့ သင့်မှာ တာဝန်ရှိတယ်" လို့ကျောင်းအုပ်ကပြန်ဖြေပေးလိုက်ပါတယ်။

ဒီလိုပဲအမြဲရန်ဖြစ်လျက်ရှိသည်။ရန်ဖြစ်ချိန်တိုင်းမိခင်ကကျောင်းအုပ်ရုံးခန်းသို့လာရောက်တိုင်တန်းသလို၊ ခင်ပွန်းလုပ်သူကလည်း ဖုန်းနှင့်ခေါ်ဆိုကာ တိုင်တန်းခဲ့ပါသည်။ ထိုလင်မယားစကားများတိုင်းငွေကြေးကိစ္စကြောင့်သာဖြစ်သည်။ ခင်ပွန်းသည်အလုပ်မရှိသောကြောင့်ဖြစ်သည်။ ကမီးလီးယာသည်ခင်ပွန်းသည်ကိုအလုပ်ရရန်ရှာခိုင်းသကဲ့သို့၊ဇနီးသည်ကိုလည်းသီးခံရန်ဖျောင့်ဖျရသည်။ ထိုသို့လင်မယားရန်ဖြစ်လျက်ရှိစဉ်မှာပင် ဆရာမကြီး ကမီးလီးယာအကြံပေးသည့်အတိုင်း တစ်ဦးကိုတစ်ဦးကြိုးစား၍ ကျေးဇူးတင်ကြောင်းပြောကြသည်။

မကြာမီ ပြင်သစ်၌အလုပ်တစ်ခုကိုခင်ပွန်းသည်မှရှာတွေ့ခဲ့သည်။ ပြင်သစ်၌အလုပ်သွားရောက်လုပ်ကိုင်ကာမိသားစုထံငွေများပြန်၍ပို့နိုင်လာသည်။ဇနီးသည်မှာစိတ်ကျေနပ်ရသော်လည်း ခင်ပွန်းကိုလွမ်းစိတ်ဖြစ်လာသည်။ ဇနီးသည်မှာစိတ်ကျေ

နပ်ရသော်လည်းခင်ပွန်းကိုလွမ်းတဲ့စိတ်ဖြစ်လာသည်။ တစ်ချိန်ကကွဲကွာလိုသောသူတစ်ဦးသည် ယခုခင်ပွန်းကောင်းဖြစ်လျက်ရှိသည်။

နှနှစ်အကြာအန်တိုနီယို ၁၀နှစ်သားတွင် မိခင်မှသားကို ကျောင်းထုတ်ကာပြင်သစ်သို့မိသားစုအတူတူနေထိုင်ရန်ထွက်ခွာသွားခဲ့သည်။

ပြင်သစ်၌နေထိုင်စဉ်ကမီးလီးယာနှင့်အဆက်အသွယ်မပြတ်ရှိခဲ့ကြသည်။ အန်တိုနီယိုသည် သူ၏ဆရာမကြီးကိုပုံမှန်ဖုန်းနှင့်စကားပြောလေ့ရှိသည်။ထိုမိသားစုသည်ပြင်သစ်၌ ဘုရားကျောင်းတက်လျက်ရှိကြောင်း ကမီးလီးယာကြားသိရသည်။ ထိုမိသားစုသည်အချင်းချင်းသာနီးစပ်သွားသည်မဟုတ်၊ ဘုရားသခင်နှင့်လည်းနီးစပ်သွားခဲ့ပါသည်။

အန်တိုနီယို ၆ တန်းတက်ရမည့်နှစ်တွင်ရိုမေးနီးယားသို့မိသားစုလိုက်ပြောင်းရွှေ့ခဲ့သည်။ သတ္တမနေ့အသင်းကျောင်းသို့ တက်ရောက်လိုသော်လည်း အသင်းကျောင်းတွင်လေးတန်းအထိသာဖွင့်လှစ်ထားသည်။ အန်တိုနီယိုသည်၆တန်းကိုအစိုးရကျောင်းတွင်တက်ရမည်ဖြစ်သည်။

ကျောင်းအုပ်ဆရာမကြီးကမီးလီးယာနှင့်ထိုမိသားစုသည်မိတ်ဆွေများအဖြစ်ခင်မင်လျက်ရှိသည်။မြို့တွင်း၌ဖခင်ဖြစ်သူနှင့်တွေ့ဆုံချိန်တိုင်း"ကျွန်တော်ခင်ဗျားကို ကျေးဇူးတင်ပါတယ်။ ခင်ဗျားကြောင့်သာကျွန်တော်မိသားစုကိုမဆုံးရှုံးရတာပါ" လို့ ခင်ပွန်းဖြစ်သူမှဆရာမကြီးကိုပြောလေ့ရှိပါသည်။

ယခု ၁၃ ပတ်အလှူငွေသည်ရိုမေးနီးယားနိုင်ငံ၊ မာစီယာမြို့ရှိသတ္တမနေ့အသင်းတော်၏မူလတန်းကျောင်း တိုးချဲ့နိုင်ရန်ကူညီမည်ဖြစ်သည်။ ကလေးများ ပို၍ကျောင်းလက်ခံနိုင်ရန်ဖြစ်သည်။ သင်၏လှူဒါန်းမှုအတွက်ကျေးဇူးတင်ပါသည်။

-၀-

## "အမြင်မဟုတ်၊ယုံကြည်ခြင်းနှင့်လျှောက်လှမ်းခြင်း"

ဇူလိုင်လ (၁၁)ရက်၊ ရေးသားသူ-ကလာရာ၊ရိုမေးနီးယားနိုင်ငံ

ကလာရာသည်ပေါ့ပါးလွတ်လပ်သောကျောင်းသူတစ်ဦးဖြစ်၍ရဲရင့်သော၊ စိတ်ကူးကောင်းသောသူတစ်ဦးလည်းဖြစ်သည်။

အသက် ၁၁ နှစ်သာရှိသော်လည်း၊ သူမဆုတောင်းတိုင်းရသည်ဟု မိမိကိုယ်ကိုယုံကြည်ချက်အပြည့်နှင့်ပြောလေ့ရှိသည်။

သူမကျောင်းတက်လျက်ရှိသောကျောင်း၌အင်္ဂလိပ်စာသင်ကြားမည့်ဆရာတစ်ဦးလိုအပ်လျက်ရှိသည်။ အကြောင်းအမျိုးမျိုးကြောင့်ထိုလိုအပ်ချက်ကိုမဖြည့်ဆည်းနိုင်ပဲကျောင်းဖွင့်ခဲ့ရသည်။ ကလာရာသည်ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည်ဟုအကြွင်းမဲ့ယုံကြည်ကာ စတင်ဆုတောင်းခဲ့သည်။

အချိန်များသာကုန်လွန်ခဲ့သော်လည်းမည်သူမျှထိုအမှုအရာကိုစိတ်မဝင်စားခဲ့ကြသော်လည်း၊ ကလာရာသည် စိတ်ပျက်ခြင်းမရှိဆက်၍ဆုတောင်းမြဲဆုတောင်းလျက်ရှိသည်။

ကမ္ဘာ၏ အခြားတဖက်ခြမ်းသြစတြေးလျ၌ အန်ဒရီယာဟုခေါ်သော မိန်းမပျိုလေးတစ်ဦးစခန်းချ၍ ကျင်းပသော အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည်။ သာသနာပြုမိသားစုများသူတို့၏အတွေ့အကြုံကိုသက်သေခံသောအခါ သူမ၏စိတ်ကိုထိခိုက်ခဲ့သည်။ သူမအတွေးတစ်ခုပေါ်လာသော်လည်း မဆောင်ရွက်ဖြစ်ခဲ့ပါ။ အချိန်ကိုက်မဖြစ်ခဲ့ပါ။

ကိုယ်ပိုင်ဘဝလေးနဲ့ရပ်တည်နိုင်ရန် အလုပ်သစ်ကို ရှာဖွေနေခဲ့သည်။ သက်မွေးသင်တန်းများလည်းတက်ရောက်ခဲ့သည်။အချိန်ကိုက်ဖြစ်နေသည်ဟုအန်ဒရီယာမခံစားမိပါ။ ဗီဇက်၏ယုံကြည်ခြင်းဟူသောအင်စတာဂရမ်စာမျက်နှာ၌ သာသနာပြု

အလုပ်အတွက်ခေါ်ယူမှုကို သူမ ဝင်ကြည့်ခဲ့သည်။ "လိုက်ခ်" နှိပ်၍နေ့စဉ်လုပ်ငန်းဆောင်တာများဆက်၍လုပ်ဆောင်လျက်ရှိခဲ့သည်။ထိုအလုပ်ကိုမေ့ထားလိုက်သည်။ သို့သော်သူမစိတ်ထဲ၌စွဲကျန်နေသည်။

ရိုမေးနီးယားတွင် ကလာရာသည် ယုံကြည်ခြင်းနှင့်ဆက်၍ဆုတောင်းနေဆဲဖြစ်ပါသည်။

လအနည်းငယ်အကြာ၌ ပင်လယ်ကမ်းခြေ၌ အန်ဒရီနီယာ အပန်းဖြေစဉ်၌ အင်စတာဂရမ်၌သူမ"လိုက်ခ်"လုပ်ခဲ့သောသာသနာပြုအမှုဆောင်ခေါ်ယူသောရိုမေးနီးယား၌အင်္ဂလိပ်စာသင်ကြားရန်ဆရာမအလုပ်ကိုလက်ခံရန် တွန်းအားပေးသကဲ့သို့ ခံစားခဲ့ရသည်။

ထိုအရာသည်သူမအားခေါ်နေသကဲ့သို့၊အနိုင်အထက်သွေးဆောင်သကဲ့သို့၊ ချက်ချင်းဆောင်ရွက်ရန်လိုအပ်နေသကဲ့သို့ခံစားရသည်။ "ရှုးချင်စရာဘဲ၊ဒီအတွက်ငါဘာမှမပြင်ဆင်ရသေးဘူး၊ ငါအဆင်သင့်မဖြစ်သေးဘူး" လို့ သူမ တွေးနေမိခဲ့သည်။

အန်ဒရီယာနှင့်သူမ၏မိသားစုသည် ၂ပတ်ခန့် အစာရှောင်၍ ဆုတောင်းရန်ဆုံးဖြတ်ကာဘုရားသခင်၏ခေါ်တော်မူခြင်းနှင့်လမ်းညွှန်မှုကိုတောင်းလျှောက်ခဲ့ကြသည်။ ဘုရားသခင်၏ဖြေကြားပေးမှုသာလျှင် ရိုမေးနီးယား၌အလုပ်လုပ်ရန်သေချာစေသောတစ်ခုတည်းသောအရာဖြစ်ကြောင်း သူမ ယုံကြည်ထားသည်။ သို့ ပြီးမှအလုပ်လျှောက်မည်ဟုသူမဆုံးဖြတ်ခဲ့သည်။

၂လကြာသွားသော်လည်းတုံ့ပြန်မှုမရရှိခဲ့ပါ။ အန်ဒရီယာသည်သေနတ်နှင့်အပစ်ခံရသကဲ့သို့ မောပန်းနွမ်းနယ်လျက်ရှိသည်။ အလုပ်လျှောက်လွှာကို တင်ပြီးသော်လည်းမည်သူ့ထံမှ အကြောင်းကြားစာမရရှိခဲ့ပါ။ ဤအရာသည်ပင် အချိန်ကိုက်မဟုတ်သေးပါဟု ဘုရားသခင်ပြောတော်မူသောစကားအဖြစ်သူမခံယူလိုက်ပါသည်။

စက်တင်ဘာလသို့ရောက်သောအခါ အလုပ်လျှောက်လွှာအတွက်ပြန်စာကို အီးမေးလ်မှတဆင့်ရရှိခဲ့သည်။

ကျောင်းအုပ်ချုပ်ရေးအဖွဲ့နှင့်လူတွေ့စစ်ဆေးမှုအပြီး၌အန်ဒရီယာသည်ဘုရားသခင်၏နောက်ကွယ်မှ လုပ်ဆောင်မှုကို မြင်တွေ့လာခဲ့သည်။ ဘုရားသခင်သည် အရာခပ်သိမ်းကိုထိန်းချုပ်၍ အသက်တာ၌ ကိုယ်တော်၏ အစီအစဉ်အတိုင်းသာ လိုက်နာခြင်းသည်အကောင်းဆုံးဖြစ်ကြောင်း အန်ဒရီယာ နားလည်ခဲ့သည်။

သို့သော်မသိသော အရာများအတွက် သူမစိုးရိမ်လျက်ရှိသေးသည်။ အလုပ်အသစ်တွင် မည်သို့လုပ်ဆောင်ရမည်။ ရိုမေးနီးယား၌နေထိုင်စရိတ်၊ အသင်းတော်၌ မည်သို့ပါဝင်ဆက်ကပ်ရမည့်တာဝန်များ သူမအပေါ်တွင်ဝန်ပိလျက်ရှိသည်။

ထိုပူပန်မှုများနှင့်ပင်ဘုရားသခင်ထံမျက်ရည်ကျလျက်ကိုယ်တော်၏အလိုတော်မှန်လျှင်အမှတ်သက်သေပြပေးရန်တောင်းဆိုသောအခါတွင် တစ်ခါမျှမခံစားဘူးသောငြိမ်သက်ခြင်းကိုခံစားခဲ့ရသည်။ သဘာဝလွန် အင်အားတစ်ခုကဲ့သို့ ရှင်းပြရန်ခက်ခဲပါသည်။ ထိုသို့ခံစားရချိန်၌ပင် သူမ၏သံသယများကင်းစင်သွား၍ သူမ၏အသက်တာကိုဘုရားသခင်ထံအပ်နှံခဲ့သည်။

တစ်လကြာပြီးနောက် ရိုမေးနီးယားနိုင်ငံတွင် အခြေချ၍ "ကျွန်မဘဝရဲ့အကောင်းဆုံးအချိန်များ" ဟုခေါ်ဆိုနိုင်ရန်အစပျိုးခဲ့သည်။ မိမိကို ဘုရာသခင်အသုံးပြုစေလိုလျှင် မိမိကိုယ်တိုင်ဘုရားသခင်ထံပေးအပ်ကာ၊ နာခံလိုက်လျှောက်ရမည်ဖြစ်ကြောင်းသင်ယူခဲ့ရသည်။

"ဘုရားသခင်ထံတောင်းလျှောက်ခြင်းမပြု၊ပြန်လည်ပေးဆပ်ခြင်းလည်းမရှိဘဲ ဘဝကိုအရှုံးပေးလိုက်ဖို့ ဘုရားသခင်ဘယ်သောအခါမျှမတောင်းဆိုပါ" ဟုအန်ဒရီယာ ခဏခဏပြောဆိုလေ့ရှိသည်။

ကလာရာ၏ အဖြေရရှိသော ဆုတောင်းချက်ဖြစ်သည်။ တန်ခိုးပါသောဆုတောင်းခြင်းသည်ကလေးသူငယ်၏ယုံကြည်ခြင်းနှင့်ပေါင်းစပ်ကာကမ္ဘာတစ်ခြမ်းအထိရောက်နိုင်သည်။ အသက်အရွယ်နှင့်မဆိုင်၊ ဘုရားကိုယုံကြည်သော ကလေးငယ်၏ယုံကြည်ခြင်းကိုဘုရားသခင်အသိအမှတ်ပြုသောသက်သေတစ်ခုဖြစ်သည်။

အန်ဒရီယာ၏ဘုရားသခင်နောက်ကိုလိုက်ရန်ဝန်ခံခြင်းဖြင့်အသက်တာ၏ အကောင်းဆုံးများကိုပိုင်ဆိုင်ခွင့်ရခဲ့သည်။ ကျွန်ုပ်တို့လည်းဘုရား၏အစီအစဉ်ကိုဝန်ခံရမည် "ကိုယ်တော်သည်ကျွန်ုပ်ထက်ပိုကောင်းသောအရာများကိုသိ" သောကြောင့်ဖြစ်ပါသည်။

ဗီဗက်၏ယုံကြည်ခြင်းသည် သတ္တမနေ့အသင်းတော်၏ ဝန်ဆောင်မှုတစ်ခုဖြစ်သည်။ အင်တာနက်လိုင်းပေါ်မှ အမှုတော်လုပ်ငန်းများ ရှာဖွေနိုင်ရန်တည်ထောင်ထားသော ဆက်သွယ်ရေးလုပ်ငန်းဖြစ်သည်။ အချိန်ပိုင်း အမှုဆောင်လုပ်၍လည်းရသည်။ မိတ်ဆွေစိတ်ဝင်စားလျှင်ထိုစာမျက်နှာသို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

-o-

"အသစ်သောအသက်တာ၏လက်ဆောင်"

ဇူလိုင်လ (၁၈)ရက်၊ ရေးသားသူ-ဂျူဂန်၊အော်စတီးယားနိုင်ငံ

ယခုဥပုသ်အပတ်တွင်ဘရာအူနာအူ၌ရှိသောဘိုဂန်ဟိုဖန်သတ္တမနေ့အသင်းတော်ကျောင်းအကြောင်း ပြောကြားသွားမည်ဖြစ်သည်။ ထိုအထက်တန်း ကျမ်းစာကျောင်းသည် ၁၉၈၆ခုနှစ်၏ သုံးလပတ်အလှူငွေအားဖြင့် တည်ထောင်ခဲ့သောကျောင်း ဖြစ်သည်။

ဂျူဂန်၌ အကျင့်ဆိုးတစ်ခုရှိသည်။ ထို့ကြောင့်ပင် အောစတီးယားအထက်တန်းကျောင်းမှထုတ်ပယ်ခြင်းခံရသည်။အထက်တန်းအောင်ရန်တစ်နှစ်အလိုတွင်အကျင့်စာရိတ္တနှင့်ပတ်သက်သောဘာသာရပ်၌ကျ၍ကျောင်းထွက်ရန်တောင်းဆိုခြင်းခံရသည်။ အောစတီးယား အစိုးရအထက်တန်းကျောင်းများ၌ ကျောင်းသားအဆင့်သတ်မှတ်ချက်ဂျူဂန်ကျရှုံးခဲ့သည်။ အကြောင်းမှာ ကျောင်းအုပ်ချုပ်မှုစနစ်နှင့်ပြဿနာတက်ခဲ့၍အတန်းထဲမှမကြာခဏထွက်ခိုင်းသောကျောင်းသားတစ်ဦးဖြစ်သည်။

အခြားကျောင်းတွင်လျှောက်ကြည့်သော်လည်းအလုပ်မဖြစ်ခဲ့ပါ။ သို့သော် ထိုကျောင်းအုပ်မှသူ့အားသနားငဲ့ညှာခဲ့သည်။ “ဘိုဂန်ဟိုဖန်မှာသွားလျှောက်ကြည့်ပါလား” “လက်ခံပါလိမ့်မည်” လို့လမ်းညွှန်ပေးလိုက်ပါသည်။

ဂျူဂန်နှင့်မိဘများသည်သတ္တမနေ့အသင်းတော်ကျောင်းခြံဝင်းရှိဘိုဂိုဟိုဖန်သို့သွားရောက်ခဲ့ကြသည်။ ဘာသာမဲ့တစ်ဦးအတွက်ဘုရားသခင်နှင့်ဆက်ဆံရေးတစ်ခုတည်ဆောက်ရန်သင်ကြားပေးလျက်ရှိသည်ကိုအံ့သြလျက်ရှိသည်။အမှန်တိုင်းသာဆိုဂျူဂန်မတက်ချင်သော်လည်းဖခင်၏တိုက်တွန်းမှုကြောင့်ကျောင်းတက်ရန်သဘောတူခဲ့ပါသည်။

၁၂တန်းသို့တက်ရောက်ရမည်ဖြစ်သော်လည်း ၁၁တန်းသို့ပြန်ဆင်း၍ဂျူဂန်ကျောင်းတက်ရသည်။ ထိုနှစ်နှစ်အတွင်းတွင်သူ၏အသက်တာပြောင်းလဲခဲ့ပါသည်။ သူ့ကိုယ်သူသတိမထားမိခင်လေးမှာပင်ဝက်သားစားခြင်း၊အရက်သောက်ခြင်းများရှောင်မိလျက်သားဖြစ်နေသည်။ ဘာကြောင့်မှန်းမသိသော်လည်းထိုသို့ဖြစ်ခဲ့သည်။

ကျမ်းစာသင်တဲ့အချိန်တွေမှာတက်ရောက်ခဲ့ရသော်လည်းဘုရားသခင်အကြောင်းမတွေးဖြစ်ခဲ့ပါ။ အထက်တန်းကျောင်းပြီးသည့်နောက်ဘိုဂန်ဟိုဖန်တွင်တစ်နှစ်ခွဲကျန်းမာရေးသင်တန်းဆက်တက်ရန်နာမည်စာရင်းပေးသွင်းခဲ့မိသည်။ကျန်းမာခြင်း၏အခြေခံဥပဒေများကိုစတင်လေ့လာစဥ်၌ပင်အံ့သြခဲ့ရသည်။ “သတ္တမနေ့အသင်းသားများသည်ဤအရာများကိုတကယ်ယုံကြည်ကြတာလား” ဟုပင်မေးမိသွားတော့သည်။

ကျမ်းစာကိုပထမဆုံးအကြိမ်တစ်ရွက်စီလှန်၍ဖတ်မိခဲ့ပါသည်။မေးခွန်းများစွာအတွေးထဲဝင်လာ၍အခန်းဖော်ထံမှကျမ်းစာသင်ယူရန်လက်ခံခဲ့ပါသည်။လူငယ်နှစ်ဦးသည်ဒံယေလအနာဂတ္တိကျမ်းနှင့်စတင်ခဲ့ကြပါသည်။

ဂျူဂန်အံ့သြခဲ့ပါသည်။ အနာဂတ္တိစကားများ၌တိကျသောနေ့စွဲများ၊ ကြိုတင်ဟောကြားချက်များတွင်သခင်ခရစ်တော်ဒုတိယအကြိမ်ကြွလာရန်ဟောကြား

ချက်မှတစ်ပါးအရာအားလုံးပြည့်စုံလာပြီဖြစ်ကြောင်းတွေ့ရသည်။ထိုသို့သူခံစားရသည်။ "သမ္မာကျမ်းစာကမှန်တယ်" လို့သူတွေးမိခဲ့သည်။

ဘုရားသခင်ကိုဖန်ဆင်းရှင်အဖြစ်လက်ခံရန်သူ့အတွက်အခက်အခဲမရှိခဲ့ပါ။ သူ၏မိသားစုများသည်ဘာသာမဲ့များဖြစ်သော်လည်း ဆင့်ကဲဖြစ်စဉ်ကိုတော့လက်မခံကြပါ။ နှစ်ခြင်းခံယူခြင်းဖြင့်ဘုရားသခင်ကိုမိမိ၏ကယ်တင်ရှင်အဖြစ် ဂျူဂန်လက်ခံကြောင်းပြသခဲ့ပါသည်။

ဂျူဂန် ခရစ်ယာန်တစ်ဦးဖြစ်လာချိန်၌ ဆွေမျိုးများမှ လှောင်ပြောင်ခဲ့ကြသည်။ လျှပ်စစ်မရှိ၊ခေတ်မီအသုံးအဆောင်တွေမရှိသော ကျေးလက်ဒေသ၌ရသေ့ကဲ့သို့နေထိုင်မည်လားဟု ကဲ့ရဲ့မှုပြုခဲ့ကြသည်။

သို့သော်ဂျူဂန်၏အသက်တာကိုပြောင်လဲခြင်းသို့ယူဆောင်ခဲ့ပေးတော်မူသောခရစ်တော်ကိုသူ၏အသက်တာ၌တွေ့မြင်ရသောအခါ ထိုသူများ၏အကျင့်ဆိုးများပြောင်းလဲခဲ့ကြသည်။

ဂျူဂန်ဘဝအတွက်အကောင်းဆုံး ဆုံးဖြတ်ချက်ချပေးခဲ့သည်ဟုခေါ်ဆိုသောသူ့သားကို ဘိုဂန်ဟိုဖန်သို့ပို့ဆောင်ခဲ့ခြင်းအတွက်ဖခင်သည်မည်သည့်အခါမျှနောင်တမရခဲ့ပါ။ ယနေ့တွင်ဂျူဂန်၏မိခင်သည် သတ္တမနေ့အသင်းတော်၏ကျမ်းစာသင်တန်း၌တက်ရောက်လျက်ရှိသည်။

ယခု ၃၆ နှစ်ရှိပြီးဖြစ်သောဂျူဂန်သည်သတ္တမနေ့အသင်းတော်ကျောင်းတွင်ပျော်ရွှင်စွာတက်ရောက်လျှက်ရှိသည်။

"ကျွန်တော်ဘိုဂိုဟိုဖန်ကိုစရောက်ခါစတုန်းက ဒီမှာစာသင်ရတာအခွင့်ရေးကောင်းဆိုတာသတိမထားမိခဲ့ဘူး။ အခုတော့ကျွန်တော်ပြောင်းလဲသွားပါပြီ။ ဒီမှာစာသင်ရတာပျော်နေပါပြီ" ဟုဝေငှခဲ့သည်။

ယခု ၁၃ ပတ်အလှူငွေ(ခေါ်)သုံးလပတ်အလှူငွေသည်အော်စတီးယားနိုင်ငံ၊ ဘရာအူနာအူ၌တည်ရှိသော ဘိုဂန်ဟိုဖန် သတ္တမနေ့အသင်းတော်ကျောင်းအတွက်

ထောက်ပံ့ပေးသွားမှာဖြစ်ပါသည်။ ဂျူဂန်ကဲ့သို့လူငယ်များကိုခရစ်တော်ထံပို့ဆောင်ရန်ဖြစ်ပါသည်။ ၁၉၈၆ ခုနှစ်တွင်သုံးလပတ်အလှူငွေအားဖြင့်ထိုကျောင်းအတွက်အမျိုးသမီးအဆောင်ဆောက်လုပ်နိုင်ရန်ကူညီပေးနိုင်ခဲ့ပါသည်။ ယခုသုံးလပတ်အလှူငွေသည် အော်စတီးယားနိုင်ငံအပါအဝင် ဥရောပနိုင်ငံများသို့ သာသနာအမှုတော်ဆောင်များစေလွှတ်နိုင်ရန် ကူညီမှာဖြစ်သောကြောင့်ရက်ရောစွာပါဝင်ပေးကြပါရန် တင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါသည်။

-၀-

"လဖက်ရည်နှင့်လက်ကိုင်ဖုန်းများ"

ဇူလိုင်လ(၂၅)ရက်၊ ရေးသားသူ-ဗိုနီ၊အောစတီးယားနိုင်ငံ

ယခုဥပုသ်နေ့တွင်တင်ပြမည့်အကြောင်းအရာသည်ဘိုဂန်ဟိုဖန်၏အမျိုးသမီးအဆောင်၌ ဖြစ်ပျက်ခဲ့သောအကြောင်းအရာဖြစ်သည်။

ဗိုနီသည် ဘိုဂန်ဟိုဖန်သတ္တမနေ့အသင်းတော်ကျောင်း၏အမျိုးသမီးဘော်ဒါဆောင်အဆောင်မှူးဖြစ်ပါသည်။ ဆယ်ကျော်သက်မိန်းကလေးများတစ်ရက်ကို ၄၅ မိနစ် ဖုန်းသုံးခွင့်ပြုထားသော အဆောင်စည်းကမ်းရှိသည်။ ထိုစည်းကမ်းထုတ်လိုက်သောအခါ လက်ကိုင်ဖုန်းသုံးခြင်းကို စွဲလန်းမှုမည်မျှရှိကြောင်း သူမတွေ့မြင်လာသည်။ ထိုစည်းကမ်းချက်ကြောင့် ကျောင်းသူအများစုသည် သူငယ်ချင်းများနှင့်ပို၍ အချိန်ကုန်ဆုံးနိုင်စေရန်အားပေးမှုတစ်ခုဖြစ်စေ၍ အတူတကွစကားလက်ဆုံကျခြင်း ရယ်မောခြင်း၊ ပျော်ရွှင်စရာများကိုအတူတကွဖန်တီးခြင်း၊ လှေအတူတူလှော်ခတ်ခြင်းစသောလူမှုကိစ္စများနှင့်အချိန်ကုန်ဆုံးတတ်လာကြသည်။

သို့သော် ထိုစည်းကမ်းကြောင့်ပင် တစ်ချို့ကျောင်းသူများသည် စည်းကမ်းချိုးဖောက်ရန်ကြိုးစားလာကြောင်း သူမ တွေ့ရသည်။ အဆောင်နေတစ်ချို့သောမိန်းကလေးများတွင်လက်ကိုင်ဖုန်းအပိုရှိသည်ဟု ဗိုနီ သံသယဝင်မိသည်။ ဖုန်းပိတ်ခိုင်း

လိုက်သော်လည်းထိုဖုန်းအပိုများအားအသုံးပြုနေသည်ဟုသူမထင်သော်လည်းမျက်မြင်မတွေ့ရသောကြောင့် အရေးမယူနိုင်ခဲ့ပေ။

တစ်နေ့၌မိန်းကလေးများဖျားနာလျက်ရှိသောအဆောင်အခန်းထဲသို့သစ်ဥသစ်ဖုဖြင့်ပြုလုပ်သောရေနွေးများ သူမ ယူဆောင်လာစဉ် တစ်ခုခုမှားယွင်းနေသည်ဟုခံစားမိသည်။

အိပ်ခန်းတစ်ခန်းထဲသို့ဝင်ရောက်ရန်တံခါးနှစ်ခုကိုဖြတ်သွားရသည်။ အပြင်တံခါးနှင့်အတွင်းတံခါးဖြစ်သည်။ အပြင်တံခါးကိုခေါက်၍ တံခါးပွင့်လျက်ရှိသောကြောင့်ဝင်ခဲ့သည်။ အခန်းအတွင်းမှဖုန်းသံတစ်ချို့ကြားခဲ့ရပြီ၊ ရပ်သွားခဲ့သည်။ ဘာသံများလည်းဟု သူမတွေး၍ အတွင်းတံခါးကိုဖွင့်ပြီးအခန်းတွင်းသို့ဝင်ရောက်ခဲ့ပါသည်။ မသင်္ကာစရာမတွေ့ခဲ့ပါ။ ၁၆နှစ်သမီးမိန်းကလေးသည် ကုတင်ပေါ်၌လဲလျောင်းနေ၍ရေနွေးအတွက်ကျေးဇူးတင်ကြောင်းပြောကာ"ဆရာမ ဘယ်တော့အိပ်ယာဝင်မှာလဲ၊နောက်တစ်ခေါက်လာစစ်ဆေးဦးမလား" ဟု မေးလိုက်သည်။

"စိတ်ဝင်စားစရာကောင်းတဲ့မေးခွန်းပဲ" လို့ ဗိုနီတွေးလိုက်သည်။ အခြားအခန်းမှကျောင်းသူများကိုစစ်ဆေး၍၁၀မိနစ်အကြာ၌ ထိုအခန်းသို့တိတ်တဆိတ်ပြန်လည်စစ်ဆေးရန်သွားရောက်ကာအပြင်တံခါးကိုခေါက်၍အတွင်းတံခါးခေါက်ကာအခန်းတွင်းသို့ဝင်ရောက်သောအခါ ထိုကလေးမလေးသည် စောင်အောက်သို့ တစ်စုံတစ်ရာဖွက်လိုက်ကြောင်းတွေ့ရသည်။

ယခုတစ်ကြိမ်တွင်တစ်စုံတစ်ရာမှားယွင်းကြောင်း ဗိုနီသေချာစွာသိရှိလိုက်ပါသည်။ "သူမဘာလုပ်နေတာလဲ" ဟုတွေးကြည့်မိသည်။ ထိုညအိပ်ယာဝင်ချိန်၌ "ကိုယ်တော်ကလေးမလေးကိုကူညီနိုင်ရန်ကျွန်မကိုကူညီပါ" ဟုဆုတောင်းခဲ့သည်။

နံနက်လေးနာရီတွင်ထိုမိန်းကလေး၏အခန်းသို့သွားရောက်ကြည့်ရှုရန်စိတ်အားထက်သန်စွာနှင့်သူမ နိုးထလာခဲ့သည်။ "ဘာသွားလုပ်မှာလဲ သူမအိပ်နေတာကို

နိုးမလို့လား” လို့ ဗိုနီတွေးမိပြန်ပါသည်။ “သူမကဖျားနေတာလေ”လို့ တခြားအတွေး ဝင်လာပြန်ပါသည်။

ဗိုနီသည် ထိုမိန်းကလေး၏အခန်းသို့ရောက်လျှင် အပြင်တံခါးကိုဖွင့်၍ ဝင်လိုက်သောအခါ အတွင်းမှအလင်းရောင်ကို အတွင်းတံခါးအောက်မှ မြင်နေရသည်။ တံခါးကိုဖွင့်ကြည့်လိုက်သော်အိပ်ယာထဲတွင်ဖုန်းကြည့်နေသောမိန်းကလေးကိုတွေ့လိုက်ရပါသည်။

ဗိုနီသည် တိတ်တဆိတ်အခန်းတံခါးကိုပြန်ပိတ်လိုက်ပြီး သူ၏ရုံးခန်းထဲသို့ ဝင်ကာဒူးထောက်၍ “ကိုယ်တော်၊ ကျွန်မလုပ်ဆောင်ရမည့်အရာကို ကူညီနိုင်ရန် မစပါ” ဟု ဆုတောင်းခဲ့သည်။

ယခုတစ်ကြိမ်တွင် ဗိုနီသည် ထိုမိန်းကလေးနှင့်အမှန်တကယ်စကားပြောရန်လိုအပ်နေပြီဖြစ်ကြောင်းခံစားမိသည်။ ဗိုနီသည်ထိုအခန်းသို့ ပြန်သွားကာမိန်းကလေးနှင့် ၂နာရီကြာစကားပြောခဲ့သည်။ အဆုံး၌ ”ကျွန်မရဲ့အခြားဖုန်းကိုဆရာမကိုမပေးချင်ခဲ့ဘူး။ ဒီဖုန်းကိုအခုအချိန်ထိသုံးခဲ့ပါတယ်။ ဒါပေမယ့်အခုတော့ပေးလိုက်ပါမယ်။ ဆရာမကကျွန်မကို တကယ်ဂရုစိုက်လို့ပါ” လို့ ထိုကျောင်းသူမကပြောလိုက်ပါသည်။

ဗိုနီ အပျော်လွန်ခဲ့ရပါသည်။ ထိုကလေးမလေးသည်သူမ၏ကူညီမှုကိုသိ၍ ဖုန်းကြည့်ချင်သည့်စွဲလန်းမှုကိုပင်စွန့်ပစ်နိုင်ကာ ထိုအရာကိုအောင်မြင်နိုင်ခဲ့ပါသည်။ နံနက်တိုင်းထိုကျောင်းသူလေးသည်ဘုရားသခင်ကိုသူမ၏ဦးစားပေးအဖြစ်ထားရှိလာခဲ့ပါသည်။

အော်စတီးယားနိုင်ငံရှိဘရာအူနာအူမြို့၏ဘိုဂန်ဟိုဖန်သတ္တမနေ့အသင်းတော်ကျောင်း၏အမျိုးသမီးအဆောင်သည် ၁၉၈၆ ခုနှစ်၌သုံးလပတ်အလှူငွေအားဖြင့်တည်ဆောက်ခဲ့သောအဆောင်ဖြစ်သည်။ လောက၏စွဲလန်းမှုများမှအောင်မြင်ကာ ဘုရားသခင်ထံပို့ဆောင်ပေးနိုင်သောဝိညာဉ်တန်ခိုးနှင့် အမှုတော်ဆောင်များကို

ဥရောပနိုင်ငံများသို့စေလွှတ်ရာတွင် ယခုဒုပတ်အလှူငွေများကိုအသုံးပြုမည်ဖြစ်ပါသည်။ သင်၏ရက်ရောစွာပေးကမ်းမှုအတွက်ကျေးဇူးတင်ပါသည်။

-ဝ-

"ကောင်းကင်နိုင်ငံနှင့်ကိုက်ညီစေခြင်း"

ဩဂုတ်လ ၁ ရက်၊ ရေးသားသူ-အဲယ်ဘတ်နှင့်လီဂျီယာ၊ စပိန်နိုင်ငံ

(ဒီအပတ်ရပ်ဝေးသတင်းကိုအမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦးကိုပြောကြားခိုင်းပါ။ အယ်ဘတ် အသက် ၄၀နှစ်၊ လီဂျီယာ ၃၉ နှစ်တို့၏အတွေ့အကြုံများဖြစ်သည်။)

***လီဂျီယာ***။ ။ ကျွန်မသည် ဗင်နီဇွဲလားနိုင်ငံရှိသတ္တမနေ့အသင်းတော်မိသားစုမှဘုရားသခင်၏အကြောင်းကိုသင်ယူအသက်ရှင်သောခရစ်ယာန်တစ်ဦးအဖြစ်ကောင်းမွန်စွာကြီးပြင်းခဲ့သူတစ်ဦးဖြစ်သည်။ သို့သော်အသက် ၂၂ နှစ်အတွင်းအသင်းတော်မှထွက်ကာလောကအမှုအရာများဖြစ်သော ဖျော်ဖြေရေးအစီအစဉ်များ၊ ဝတ်စားဆင်ယင်မှုနှင့်ဆိုင်သော စီးပွားရေးနယ်ပယ်ထဲသို့ ဝင်ခဲ့ပါသည်။ နှစ်အတော်ကြာသရုပ်ပြမယ်အဖြစ်၊ပွဲလမ်းသဘင်များ၌ပါဝင်သရုပ်ဆောင်ခြင်း၊ဗင်နီဇွဲလားမယ်၊ဟာဝိုင်ယီမယ်၊ လက်တင်ဘာသာစကားပြောအလှမယ်အဖြစ် ကျင်လည်ခဲ့ပါသည်။ ရုပ်မြင်သံကြားအစီအစဉ်များ၊ ရုပ်ရှင်ဇာတ်လမ်းများ၊ပြဇာတ်ရုံများတွင်ကပြဖျော်ဖြေရေးအလုပ်များကိုလုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ အလှအပဆိုင်ရာစာစောင်များတွင်လည်းကျွန်မ၏ရုပ်ပုံများဖော်ပြခြင်းခံရပါသည်။ ကိုယ်ပိုင်စီးပွားရေးကိုပိုင်ဆိုင်၍ကျွန်မအသက်တာအပြင်ပန်း၌ပြည့်စုံလျက်ရှိသည်ဟုထင်မှတ်ရသော်လည်း စိတ်ထဲတွင်လစ်ဟာမှုသာရှိသည်။

***အယ်ဘတ်***။ ။ ကျွန်တော်ကတော့ ဘာစီလိုနာမြို့နဲ့၇၅ မိုင်(၁၂၀ကီလိုမီတာ)ဝေးသောမြို့ငယ်လေး၌ကြီးပြင်းခဲ့သူတစ်ဦးဖြစ်သည်။ ကျွန်တော့်မိသားစုက ဘာသာတ

ရားသိသော်လည်းနေ့စဉ်အသက်တာ၌ယုံကြည်ခြင်းနှင့်အသက်ရှင်သူများမဟုတ်ကြပါ။ ဘုရားကိုသံသယများသောသူများကြားတွင်နေထိုင်ကြီးပြင်းခဲ့ရသည်။ "သေခြင်း၊ရှင်ခြင်းနှင့်ဆိုင်သောမေးခွန်းများကိုအလေးအနက်မေးသော်လည်း သမ္မာကျမ်းစာထဲမှအဖြေထက် ကောင်းသောအဖြေကို အခြားဘယ်ဘာသာတရားမှဖြေဆိုထားခြင်းမရှိသည်ကို တွေ့မြင်ရသည်။

ဗိသုကာလက်ရာများ၊ရိုးရာဓလေ့များလေ့လာခြင်း၊ ခရီးရှည်ထွက်၍သဘာဝကိုလေ့လာခြင်းနှင့်သမိုင်းအမွေအနှစ်များကိုလေ့လာရခြင်းကို ကျွန်တော်နှစ်သက်ပါသည်။ သို့သော် ကျွန်တော်၏အသက်တာ၌ပါတီပွဲတက်ခြင်းနှင့်အပေါင်းအသင်းခံမင်မှုများသည် ဘဝ၏အနှစ်သာရကိုမပေးစွမ်းနိုင်ပါ။

***လီဂျီယာ***၏ ။ ကျွန်မလည်း ကမ္ဘာအနှံ့ခရီးသွားခဲ့ပါသည်။ ဘုရားနှင့်ပို၍ဝေးကွာခဲ့ရသလို၊နှလုံးသားအတွင်းပိုင်း၌လည်းကမ္ဘာကြီးကိုပိုင်ဆိုင်ရပြီလို့ မခံစားခဲ့ရပါ။ ဘုရားသခင်ကျွန်မကိုကာကွယ်မည်ဟုသိသော်လည်း၊ ကိုယ်တော်ထံပြန်လှည့်ရန်မဖြစ်နိုင်ပါဟုခံစားမိသည်။ ရုံးပိတ်ရက်တွေမှာရှိုးပွဲတွေနဲ့အလုပ်ရှုပ်နေခဲ့ပြီး ကျွန်မ၏အသက်တာသည်ကိုယ်တော်အလိုတော်နှင့်ဆန့်ကျင်နေခဲ့သည်။

ကျွန်မ၏လောကနှစ်သက်စွဲလန်းမှုများမှ သံယောဇဉ်ပြတ်တောက်မှုများရှိလာပြီး စိတ်တွင်နာကြဉ်ရသောအခါ ကျွန်မဘဝအတွက် အခြေခံကျသောဆုံးဖြတ်ချက်ချမှတ်ခဲ့ရသည်။ သက်မွေးလုပ်ငန်းကိုစွန့်၍လွတ်၍စီးပွားရေးများကိုရပ်လိုက်ပါသည်။ ရှိုးပွဲလျှောက်သောမော်ဒယ်အလုပ်ကိုစွန့်ပစ်ပြီးနောက် ကျွန်မ၏အမှတ်လက္ခဏာမရှိတော့ပါ။ သာမန်လူသားတစ်ဦးအဖြစ်စပိန်၌ နေထိုင်လျက်ရှိခဲ့သည်။ ဝမ်းနဲမှုများနှင့်ပြည့်နေ၍အကူအညီရနိုင်မည့်စာပေများကိုဖတ်ရှုရင်းကိုယ့်ကိုကိုယ်အားပေးခဲ့ရပါသည်။ ထိုအချိန်အတွင်း အိမ်ထောင်ဖက်ဖြစ်လာမည့်သူ၏အရည်အချင်းများကိုချရေးနေမိသည်။ ပထမဆုံးအချက်တွင်ဘုရားသခင်ကိုယုံကြည်သူဖြစ်ရမည်ဟုရေးထားလိုက်ပါသည်။

***အယ်ဘတ်***။ ။ ရောခ့်ဂီတကိုတီးခတ်၍ပါတီများတက်ခြင်းဖြင့်နေရာအမှား၌ဘဝအတွက်အဖြေရှာခဲ့မိသည်။ ဘဝ၏အဓိပ္ပါယ်အသစ်လိုအပ်လျက်ရှိသည်ဟု ခံစားရ၍ဝမ်းနည်းခြင်းကိုပိုပြီးခံစားခဲ့ရသည်။ ဘဝအသစ်စတင်ရန်ကျွန်တော့နှလုံးသားကတောင့်တလျက်ရှိသည်။ ဤအခိုက်အတန့်သည် ကျွန်တော်လမ်းဖြတ်ကူး၍သူမနှင့်တွေ့ဆုံချိန်မှစတင်ခဲ့သည်။

ချက်ချင်း ခင်မင်ခဲ့ကြသောကြောင့်အံ့ဩခဲ့ရပြီး၊စကားလက်ဆုံကြသောအချိန်တိုင်းတွင်လည်း ယုံကြည်ခြင်းသို့ ဦးတည်သောစကားများပြောဖြစ်ကြသည်။

***လီဂျီယာ***။ ။ ကျွန်မတို့နှစ်ယောက်ဒုတိယအကြိမ်တွေ့ဆုံချိန်၌ စပိန်သတ္တမနေ့အသင်းသားအဆိုတော်တစ်ဦး၏ ဘုရားသီချင်းတစ်ပုဒ်ကို အယ်ဘတ်အားဆိုပြခဲ့ချိန်၌ သူအံ့ဩမှင်သက်သွားသော်လည်း ဘာမှမပြောခဲ့ပါ။ ကျွန်မဒီလိုဘယ်သူ့ကိုမှသီချင်းဆိုမပြခဲ့ပါ။

ကျွန်မတို့နှစ်ယောက်ပိုလေးနက်စွာရင်းနှီးလာခဲ့၍ အယ်ဘတ်က ဘုရားသခင်ကိုစတင်ရှာဖွေခဲ့သလို ကျွန်မလည်းဘုရားကို ပြန်လည်စတင်ရှာဖွေခဲ့ပါသည်။

***အယ်ဘတ်***။ ။ နှစ်ယောက်အတူရှိချိန်တွင်ဘုရားသခင်၏လမ်းပြဖေးကူမှုများကိုပြန်ပြောင်းပြောပြ၍ အတူတူငိုခဲ့ချိန်များ၊ ရယ်မောစကားပြောချိန်များ ရှိခဲ့ပါသည်။ လီဂျီယာအတွက်အိမ်ပြန်ရောက်သွားသလိုဖြစ်၍ကျွန်တော့်အတွက်ကတော့မရနိုင်တော့ဘူးလို့ထင်ခဲ့တဲ့ ဘဝရဲ့အဓိပ္ပါယ်အသစ်ကို ရလိုက်သလိုပါဘဲ။ ဘုရားသခင်၏နှုတ်ကပတ်တော်ရှာဖွေခြင်းသည်ခက်ခဲခဲ့သော်လည်းလှပသောအမှန်တရားကိုကျွန်တော့်အားမြင်တွေ့စေခဲ့ပါသည်။

***လီဂျီယာ***။ ။ ကျွန်မတို့၏ဆက်ဆံရေး၌အယ်ဘတ်နှင့်ကျွန်မအပြင် ဘုရားသခင်ပါပါဝင်နေကြောင်းသတိထားမိပါသည်။နေ့စဉ်အသက်တာတွင်ဘုရားသခင်၏လမ်းပြဦးဆောင်ခြင်းဖြင့်သာ ကျွန်မတို့အစပြုလေ့ရှိသည်။ ဘုရားအလိုတော်ကို ဝန်ခံ၍ကျွန်မတို့နှစ်ယောက်စေ့စပ်လိုက်ကြပါသည်။

***အယ်ဘတ်***။ ။ ကျွန်တော်တို့ ၂ဦးနှစ်ခြင်းခံ၍လက်ထပ်လိုက်ကြသည်။ကျွန်တော်တို့တွေ့ဆုံခြင်းသည်သမရိုးကျမဟုတ်ပါ။ အတိတ်ကအဖြစ်အပျက်များမှဘာမှမရရှိလိုက်သော်လည်း ယခုတွင် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် ဖြည့်စွက်ပေးလျက်ရှိသည်။ ကျွန်တော်တို့၏အသက်တာဟာဟင်းလင်းပြင်ကို လောက၏အောင်မြင်မှုများ၊ပျော်ပွဲရွှင်ပွဲများ၊ လာကစွဲလန်းမှုများကဘာတစ်ခုမှစိတ်ကျေနပ်မှုရရှိရန်မဖြည့်စွက်နိုင်သော်လည်း၊ ကိုယ်တော်၏မေတ္တာသာ ဖြည့်စွမ်းပေးနိုင်ကြောင်း ပြသပေးခဲ့ပါသည်။

***လီဂျီယာ။*** ။ လောက၏အနှစ်သာရမရှိခြင်းမှဘုရားသခင်သည်ကျွန်မတို့ကိုကယ်တင်ခဲ့ပါသည်။ ကိုယ်တော်၏အမှုတော်အတွက် ဆက်ကပ်အပ်နှံသော အသက်တာဖြင့်ဘုရားသခင်၌ တွေ့ရှိရသောပြောင်းလဲပေးသော မေတ္တာကို အခြားသူများတွေ့မြင်နိုင်ရန် ကူညီပေးလျက်ရှိသည်။

***အယ်ဘတ်***။ ။ ယနေ့တွင်ကိုယ်တော်ဦးဆောင်လျက်ရှိသောလမ်းတွင်ကျွန်တော်တို့လျှောက်လှမ်းလျက်ရှိသည်။ ကျွန်တော်တို့ရဲ့ပန်းတိုင်ကတော့ ကျွန်တော်တို့လိုဘဝအဓိပ္ပါယ်ပျောက်ဆုံးနေသောသူများကို ဖေးမ၍ဘုရားသခင်၌ဘဝသစ်ပြန်စနိုင်ရန်ကူညီပေးခြင်းဖြစ်ပါတယ်။

***လီဂျီယာ***။ ။ ဒီအရာကတော့ကျွန်မတို့ရဲ့အကြောင်းပါ။ လောကထဲမှဘုရားသခင်၏ရင်ခွင်တော်သို့တည့်မတ်စွာခိုဝင်ခြင်းဖြစ်ပါသည်။

ယနေ့တွင်အယ်ဘတ်သည်စပိန်နိုင်ငံရှိ ဆာဂွန်တိုသတ္တမနေ့အသင်းတော်၏ကောလိပ်တွင်သိပ္ပံနှင့်ယုံကြည်ခြင်းဆိုင်ရာမဟာဘွဲ့တက်ရောက်သင်ကြားလျက်ရှိပါသည်။ထိုဇနီးမောင်နှံသည် မယုံကြည်သူများကို ဘုရားသခင်၏မေတ္တာတော်ကိုထိရောက်စွာဝေငှနိုင်ရန်ဖြစ်ပါသည်။ကမ္ဘာတစ်ဝှမ်း၌ရှိသောယုံကြည်သူများသည်အယ်ဘတ်၏စာပေသင်ကြားမှု၌ကောင်းစွာသင်ယူနိုင်၍ဘာသာရေးနှင့်ဆိုင်သောဌာနတိုးချဲ့နိုင်ရန်ယခု ၁၃ ပတ်အလှူငွေအားဖြင့်ပါဝင်ကူညီနိုင်ကြောင်းတင်ပြအပ်ပါသည်။

စပိန်အပါအဝင်အင်တာ- ဥရောပဒီဇီဇနိုင်ငံများရှိမြို့ကြီးများအတွင်းရှိ လူများကြားတွင် ဘုရားသခင်၏အမှုတော် သတင်းစကားပျံ့နှံ့ရန် လုပ်ဆောင်မှုတွင် ထောက်ပံ့ပေးနိုင်ရန် ယခုသုံးလပတ် အလှူငွေများကိုရက်ရောစွာ လှူဒါန်းပေးရန် တောင်းဆိုအပ်ပါသည်။

-၀-

"ဧနောက်၏အိပ်မက် အပိုင်း(၁)"

ဩဂုတ်လ ၈ ရက်၊ ရေးသားသူ-ဧနောက်၊စပိန်နိုင်ငံ

ဧနောက်သည်စပိန်နိုင်ငံ၌လိုအင်ဆန္ဒပြည့်ဝသောနေထိုင်မှုနှင့်အသက်ရှင်လျက်ရှိသည်။ လွန်ခဲ့သောနှစ် ၂၀ ခန့်ကပင်ရုပ်ပိုင်းဆိုင်ရာ ပြန်လည်လေ့ကျင့်ရေးလုပ်ငန်း၌ တွဲဖက်ပိုင်ရှင်အဖြစ်ဘဝကို ပျော်ရွှင်စွာနေထိုင်ခဲ့သည်။ ဇနီးသည်အင်ဂရက်သည်ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးမှူးအဖြစ်သတ္တမနေ့အသင်းတော်သူနာပြုလေ့ကျင့်ရေးကျောင်း၌ တာဝန်ထမ်းဆောင်လျက်ရှိသည်။ သူတို့ ၌သား၂ယောက်ရှိ၍ လွယ်ကူသောအသက်တာ၌နေထိုင်လျက်ရှိသည်။

ယခုလိုသက်သောင့်သက်သာရှိသောအသက်တာမျိုးဖြင့်နေထိုင်ရသော်လဲ သတ္တမနေ့ အသင်းတော်၏တရားဟောဆရာဖြစ်လိုသော ဆန္ဒကိုအဘယ်ကြောင့် တားဆီးမရကြောင်းခံစားနေရသည်။ အောင်မြင်သော လုပ်ငန်းရှင်အဖြစ် ဘုရားသခင်သည်အဘယ်ကြောင့်သူ့အားကောင်းချီးမပေးချင်သနည်းဟုတွေးမိသည်။"ကိုယ်တော်ကျွန်တော့်အားကောင်းမွန်သောအရာများကိုပေးသနားတော်မူသည့်အတွက် ကျေးဇူးတင်ပါသည်။ သို့သော် ကျွန်တော်တရားဟောဆရာဖြစ်ချင်ပါတယ်" ဟု

နောက်မပြောလိုပါ။ထိုကြောင့်သူ၏ဆန္ဒကိုအကောင်အထည်ဖော်နိုင်ရန်ဘုရားကို ဆုမတောင်းသကဲ့သို့ဇနီးသည်အင်ဂရက်ကိုလည်းမပြောခဲ့ပါ။

ကိုဗစ် ၁၉ ကပ်ရောဂါ ဖြစ်ပွားချိန်၌နောက်၏ဆေးခန်းလည်းသုံးပတ်ခန့် ပိတ်လိုက်ရသည်။ဆေးခန်းပြန်ဖွင့်ချိန်၌နောက်၏ဆန္ဒမှာပို၍ပြင်းထန်လာသည်။ဘုရားအတွက်လုံလောက်စွာအမှုတော်မဆောင်သေးဟုနောက်ခံစားလာရသည်။ လူနာများအတွက် သခင်ယေရှုအကြောင်းပြော၍ဆုတောင်းပေးသော်လည်း ထိုလူများအားလုံးနှလုံးသားကိုမဖွင့်ထားကြပါ။ နောက်သည် ထိုသို့အချိန်ကြာမြင့်စွာ လုပ်ဆောင်ခဲ့သော်လည်းစိတ်ကျေနပ်မှုမရှိခဲ့ပါ။

ဘုရားသခင်နှင့်မွေ့လျော်ခဲ့သောအချိန်များသည်နောက်အတွက်အကောင်းဆုံးအချိန်ဖြစ်ခဲ့သည်။ နံနက်ယံဝတ်ပြုခြင်း၊ ကိုယ်ပိုင်ကျမ်းစာလေ့လာချိန်များကိုနှစ်သက်ခဲ့သည်။ ထိုသို့နံနက်တွင်ဘုရားသခင်နှင့်စတင်လျှင်ဆေးခန်း၌သူ၏သက်သေခံခြင်းကိုနားထောင်သောသူများရှိကြောင်း သတိထားမိသည်။

သို့သော်တရားဟောဆရာဖြစ်လာရန်ဆုတောင်းမှုမရှိပါ။ ဘုရားသခင်၏အလိုတော်ကိုဝန်ခံရန် လိုအပ်သည်။ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးမှူးအဖြစ် ဦးစွာလူအများကိုကူညီစေခဲ့ပြီးဖြစ်သည်။

ညစဉ်အိမ်သို့ ပြန်လာတိုင်းဇနီးသည်အင်ဂရက်ကို ဘုရားတရားဆိုင်ရာစကားများ ကိုသာပြောဆိုမိ၍လူနာများအားနှုတ်ကပတ်တော်ဝေငှနိုင်ရန်ဆုတောင်းမိနေကြောင်းမိမိကိုယ်ကိုမြင်နေရသည်။

နောက်ဆုံးတွင် အင်ဂရက်က “ကျွန်မစိတ်ထဲမှာ ဝိညာဉ်တော်နှိုးဆော်၍ဇာဂွန်တိုကိုသွားပြီး ဘာသာရေးဆိုင်ရာများကိုသင်ယူရမယ်လို့ထင်တယ်”ဟု ပြောလာပါသည်။

စပိန်နိုင်ငံတွင်ရှိသောဇာဂွန်တိုသတ္တမနေ့အသင်းတော်ကောလိပ်သည်တရားဟောဆရာများကိုမွေးထုတ်ရာနေရာဖြစ်သည်။

ဧနောက်စိတ်ထဲတွင်သိမ်းထားသောအရာကိုဇနီးသည်ထံမှကြားသိလိုက်ရသော်လည်း ဦးနှောက်ကမဖြစ်နိုင်ဟုသာတွေးမိသည်။ ဘာစီလိုနာမြို့ကိုချစ်၍သူ၏စီးပွားရေးလည်းရှိသည်။သားဖြစ်သူလည်းသတ္တမနေ့အသင်းတော်ကျောင်းတွင်ပညာသင်ကြားလျက်ရှိ၍"ငါ့ဆန္ဒမဟုတ်ဘဲ၊ဘုရားအလိုတော်ရှိရင်သူငါတို့ကိုအသိပေးပါ လိမ့်မည်" ဟု ဇနီးသည်အားပြန်ပြောလိုက်သည်။

အင်ဂရက်ကိုယ်တိုင်ထပ်ပြီး "ဇာဂွန်တိုကိုသွားဖို့ ကျွန်မကို ဘုရားသခင်နှိုးဆော်နေတယ်"လို့ ခဏခဏ ခင်ပွန်းကိုသတိပေးပါသည်။

ထိုသို့သတိပေးတိုင်း "မဖြစ်နိုင်ဘူး၊ ငါတို့အိမ်အလုပ်သမား တွေအတွက်ကျောင်းအသစ်တွေလိုမယ်။ အဲဒီအကြောင်းတွေးပြီး အချိန်မဖြုန်းနဲ့" လို့ တုံ့ပြန်ပါသည်။

တစ်နေ့တွင် ဧနောက်သည်ယောက်ဖဖြစ်သူနှင့် စကားပြောဖြစ်သည်။ ကြိုတင်စီစဉ်ထားခြင်းမရှိ၊ အလိုလိုထွက်ကျလာသောစကားလုံးများဖြစ်သည်။ တရားဟောဆရာဖြစ်သော ယောက်ဖက "ဘုရားအလိုရှိရင် အသိပေးမှာပါ" ဟု ပြော၍ဆုတောင်းပေးရန်ကတိပြုလိုက်သည်။

အင်ဂရက်၏ဖခင်ဆုံးပါးသွားပြီးနောက်မိခင်နှင့်ပို၍နီးကပ်စွာနေရန်စဉ်းစားကြသည်။ "ဘာစီလိုနာမှာဆက်နေရမလား၊အမေရှိတဲ့ဇာဂွန်တိုကိုသွားရမှာလား" ဆိုသောအဖြေရရန် ဧနောက်နှင့်အင်ဂရက်တို့ဆုတောင်းကြသည်။

အဖေရဲ့ မြို့မှာလုပ်ငန်းစတင်ရန်လေ့လာရေးပြုလုပ်၍မိတ်ဆွေများထံမေးမြန်းသော်လည်းမည်သူမျှ အကြောင်းမပြန်ကြပါ။ ဘာစီလိုနာမှာပင်ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးလေ့ကျင့်ခန်းလုပ်ငန်းဆက်၍ချဲ့ထွင်ရန်ဧနောက်သည်သူ၏စီးပွားဖက်နှင့်စီစဉ်လျက်ရှိသည်။

စီမံကိန်းများဆွဲ၍အကောင်အထည်မဖော်မီတွင်သူ၏စီးပွားဖက်က "ဘာလို့ တရားဟောဆရာမလုပ်တာလဲ" လို့ နောက်ကိုမေးလိုက်ပါသည်။ နောက်ထိတ်လန့်သွားပြီး "ခင်ဗျားဘာတွေပြောနေတာလဲ" လို့ ပြန်မေးလိုက်ပါသည်။

"ကျွန်တော်ကြည့်နေတာ၊ ခင်ဗျား လူနာတွေကို ဘုရားအကြောင်းပြောပြရတာကိုနှစ်သက်တဲ့ပုံပေါ်တယ်။ ဒါကြောင့် ကျွန်တော်မေးလိုက်တာ" လို့ ပြန်ပြောလိုက်ပါသည်။

မကြာမီနောက်နှင့်သူ၏မိသားစုသည် ဇာဂွန်တို သတ္တမနေ့အသင်းတော်ကောလိပ်တွင်ဘာသာရေးဆိုင်ရာများကိုတရားဟောဆရာဖြစ်လာရန်လေ့လာသင်ယူခဲ့ပါသည်။ ထိုအရာသည်လူ၏အကြံအစည်မဟုတ်၊ဘုရားသခင်၏အကြံအစည်ဖြစ်သည်။

နောက်တစ်ပတ်တွင်နောက်အကြောင်းကိုဆက်လက်နားဆင်ရပါမည်။

လွန်ခဲ့သောအချိန်က၁၃ပတ်အလှူငွေ(ခေါ်)သုံးလပတ်အလှူငွေအားဖြင့်ဇာဂွန်တိုသတ္တမနေ့အသင်းတော်ကောလိပ်၏ဘာသာရေးဌာနတိုးချဲ့နိုင်ရန်နှင့်အမျိုးသမီးဘော်ဒါဆောင် တည်ဆောက်နိုင်ရန် ကူညီနိုင်ခဲ့သည်။ ထိုသို့ ကူညီခဲ့ခြင်းဖြင့်နောက်နှင့်အင်ဂရက်တို့ကဲ့သို့ အခြားသူများ၏ အသက်တာများကိုလည်း ကြီးစွာပြောင်းလဲစေခဲ့သည်။ ယခုသုံးလပတ်တွင်သင်၏အလှူငွေအားဖြင့်အခြားသူများ၏ထာဝရအသက်နှင့်ဆိုင်သောအသက်တာများကိုပိုမိုပုံဖော်စေနိုင်ပါလိမ့်မည်။စပိန်နိုင်ငံအပါအဝင်အင်တာ-ယူရိုဒီဗီဇံရှိအမှုတော်သာသနာအတွက် သင်၏လှူဒါန်းသောအလှူငွေများအတွက်ကျေးဇူးတင်ပါသည်။

-o-

"နောက်၏အိပ်မက်အပိုင်း(၂)"

ဩဂုတ်လ ၁၅ ရက်၊ ရေးသားသူ-နောက်၊စပိန်နိုင်ငံ၊

လွန်ခဲ့သောဥပုသ်နေ့တွင်နောက်သည်သူ၏မိသားစုနှင့်စပိန်နိုင်ငံဘာစီလိုနာတွင်ပျော်ရွှင်စွာနေထိုင်လျက်ရှိကြောင်း၊ သူသည်ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကူညီမှုဆေးခန်းဖွင့်လှစ်ထား၍ဇနီးသည်အင်ဂရက်သည် ဆရာဝန်တစ်ဦးအဖြစ်သတ္တမနေ့အသင်းတော်၏သူနာပြုကျောင်း၌အလုပ်လုပ်ကိုင်ကြောင်း၊ သားနှစ်ဦးသည်အသင်းတော်ကျောင်းတွင်ပျော်ရွှင်စွာစာသင်လျက်ရှိကြောင်းနှင့်ထိုဖြစ်စဉ်အတွင်းမှနောက်စိတ်ထဲတွင်ဇာဂွန်တို သတ္တမနေ့အသင်းတော်ကောလိပ်သို့သွားရန်ဆန္ဒဖြစ်ပေါ်လာကာ တရားဟောဆရာဖြစ်ချင်လာသည်။ ဘာကြောင့်မှန်းမသိသော်လည်းထိုသို့ခံစားရသည်။ စီးပွားတိုးချဲ့ရန်အကုန်စီစဉ်ပြီးမှစီးပွားဖက်မှနောက်မည်သည့်အတွက်ကြောင့်တရားဟောဆရာမလုပ်သနည်း ဟုမေးလိုက်သောအခါ၊ ထိုညတွင်ဇနီးသည်အင်ဂရက်နှင့်စကားပြောဖြစ်သည်။ နောက်တစ်နေ့နံနက်တွင်လုပ်ငန်းအတွက်လက်မှတ်ထိုးရန်စီစဉ်ထားပါသည်။

အင်ဂရက်သည်နောက်ကိုတရားဟောဆရာဖြစ်စေလိုသည်။ထို့ကြောင့်အစဉ်ဆုတောင်းလျက် "ဘုရားသခင်ကျွန်မတို့အား အလိုတော်နှင့်ညီစွာလမ်းဖွင့်ပေးတော်မူပါ" ဟု တောင်းခံပါသည်။

နံနက်ရောက်သော်နောက်သည်ကိုယ်ပိုင်ဘုရားနှင့်အချိန်ပေးရန်ကျမ်းစာဖတ်ခြင်း၊ဆုတောင်းခြင်းများပြုလုပ်ပြီးနောက်၊ လူကြီးဥပုသ်စာဖြေကိုလေ့လာရန်ဖွင့်ပြီးအာဗြဟံ၏ယုံကြည်ခြင်းအကြောင်းဖတ်မိပါသည်။ အာဗြဟံကိုဘုရားသခင်ခေါ်၍ညွှန်ပြသောနေရာသို့သွားရန်စေခိုင်းခြင်းကိုဖတ်မိသောအခါ "ကိုယ်တော်သည်ကျွန်တော့်ကိုဒီလိုပြောမယ်ဆိုရင် ကျွန်တော်နားထောင်ပါမယ်" လို့ဆုတောင်းလိုက်ပါသည်။

နံနက် ၇နာရီတွင်နောက်ထံဖုန်းဝင်လာပါသည်။ ဇာဂွန်တိုသတ္တမနေ့အသင်းတော်ကောလိပ်မှကျောင်းအုပ်ဖြစ်ပါသည်။

"နံနက်စောစောဖုန်းခေါ် မိလို့စိတ်မကောင်းပါဘူး" "ခင်ဗျားရဲ့ What's App ပွင့်နေတာတွေ့လို့ခင်ဗျားနိုးနေပြီထင်လို့ခေါ်လိုက်တာပါ။ကျွန်တော်တစ်ခုလောက်မေးလို့ရပါသလား" လို့ မေးလိုက်ပါတယ်။

"ဘာကိစ္စများလဲ" လို့ဇနောက်မေးလိုက်ပါသည်။

"ခင်ဗျားငြင်းချင်ရင်ငြင်းလို့ရတယ်"လို့အစချီ၍"ကျွန်တော့်စိတ်ထဲမှာဘုရားသခင်ရဲ့နှိုးဆော်ချက်ပါ။ ခင်ဗျားနဲ့ခင်ဗျားဇနီး ကျွန်တော်တို့ဇာဂွန်တိုကျောင်းကိုမလာချင်ဘူးလား" "ခင်ဗျားကအမျိုးသားအဆောင်မှူး၊ခင်ဗျားဇနီးကတော့အမျိုးသမီးအဆောင်မှူးအကူအဖြစ်လုပ်ကိုင်နိုင်မလား၊ ကျွန်တော်တို့ခင်ဗျားတို့ကိုအိမ်နှင့်လစာပေးပါ့မယ်" လို့ကမ်းလှမ်းလာပါသည်။

ဇနောက်ကိုယ့်နားကိုမယုံပါ။ ဘုရားသခင်သည် အာဖြဟံကို တိုက်ရိုက်စကားပြောသကဲ့သို့ကျောင်းအုပ်ကြီးသည် ဇနောက်အားပြောလျှက်ရှိသည်။

ကျောင်းအုပ်သည်အလုပ်အကြောင်းဖော်ပြပြီးနောက် "ကဲ၊ ခင်ဗျားငြင်းချင်ရင်ငြင်းလို့ရပါတယ်။ခင်ဗျား ကိုယ်ပိုင်စီးပွားရေးရှိတယ်ဆိုတာလည်းကျွန်တော်သိပါတယ်။ ဒါပေမယ့်ကျွန်တော်မေးပါရစေ"

ဇနောက် သူ၏အသံကိုတည်ငြိမ်ရန်ထိန်းပြီးနောက်၊ လွန်ခဲ့သောအချိန်များစွာကပင် တရားဟောဆရာဖြစ်ချင်ခဲ့ကြောင်း သို့သော် လမ်းမမြင်ခဲ့ရကြောင်း၊ ကျောင်းအုပ်၏ဖိတ်ခေါ် ခြင်းသည်  ဘုရားသခင်၏လမ်းဖွင့်ပေးမှုနှင့်တူကြောင်းပြန်ဖြေခဲ့ပါသည်။

ကျောင်းအုပ်လည်းအံ့သြခဲ့ရသည်။ ဖုန်းပြောပြီးနောက် အင်ဂရက်က မေးလိုက်သောအခါ "ဇာဂွန်တိုကျောင်းအုပ်ကသူ့ကိုအမျိုးသားဘော်ဒါဆောင်အဆောင်မှူးအဖြစ်အလုပ်ကမ်းလှမ်းကြောင်း" ပြောပြလိုက်ပါသည်။

အင်ဂရက်ငိုမိသည်။ လွန်ခဲ့သောည၌ဘုရားသခင်၏အလိုတော်ကိုသိနိုင်ရန်လမ်းဖွင့်ပေးပါဟုဆုတောင်းခဲ့သည်။ သို့သော်သူမ၏ဖခင်ဆုံးပြီးနောက်မိခင်ရှိရာသို့

ပြောင်းရွှေ့ရန်စီစဉ်ထားသောကြောင့် "မဟုတ်ဘူး၊ ကျွန်မအမေ့ဆီပြန်ချင်တယ်"လို့ ပြောကြားလိုက်ပါသည်။

ဇာဂွန်တိုကိုပြောင်းရန်ကျွန်မအတွက်ဘုရားသခင်ထံမှရှင်းလင်းသောအချက်ပြမှုလိုချင်သည်ဟု အင်ဂရက် ပြောလိုက်သည်။

"ဒီလောက်နဲ့မလုံလောက်ဘူးလား" လို့ နောက်ကမေးလိုက်သည်။

"ဟင့်အင်း၊ ကျွန်မကိုယ်တိုင်ကိုယ်ကျသိချင်တယ်"လို့ပြန်ဖြေလိုက်ပါသည်။

နောက်နှင့်အင်ဂရက်သည် တရားသူကြီးအခန်း ၆၌ ဂိဒေါင်ကိုဘုရားသခင်သည်နိမိတ်လက္ခဏာကြိမ်ပြသသကဲ့သို့ ယခုတွင်လည်း အလားတူပြသပေးရန်ဆုတောင်းကြသည်။

နောက်တစ်နေ့နံနက်အလုပ်သို့ကားမောင်း၍သွားစဉ်အင်ဂရက်ဆုတောင်းပါသည်။ ကိုဗစ်-၁၉ အလုပ်ပိတ်ထားရချိန်၌ သူမနှင့် နောက်တီထွင်ခဲ့ပြီး ဘုတ်ထောင်၍ကစားရသောကျမ်းစာကစားနည်းကိုမှတ်မိသည်။ ထိုကစားစရာကိုစပိန်ရှိလူငယ်ညွှန်ကြားရေးမှူးသို့လှူဒါန်းလိုက်ပါသည်။ သို့သော် ဘာသတင်းစကားမှပြန်၍မကြားခဲ့ရပါ။ "အကယ်၍ လူငယ်ညွှန်ကြားရေးမှူးမှ ထိုကစားနည်းအကြောင်း သူမအားမေးလာလျှင်ထိုအရာသည်ပင်ဘုရားသခင်၏အချက်ပြမှုဖြစ်သည်ဟုယူဆမည်ဖြစ်ကြောင်း" အင်ဂရက်ဆုတောင်းခဲ့ပါသည်။

"ဘုရားသခင်ကိုတောင်းဆိုတာများသွားလားမသိ" ဟုသူမပြန်တွေးမိသည်။ "လူငယ်ညွှန်ကြားရေးမှူးနဲ့ဖုန်းအကြာကြီးပြောစရာမလိုပါဘူး။ ဖုန်းဆက်စရာလည်းမရှိပါဘူး။ ကိုယ်တော်ရဲ့အလိုတော်ဆိုတာသေချာချင်ရုံလေးပါ" လို့ အင်ဂရက်ထပ်ပြီးဆုတောင်းမိပါသည်။

မိနစ် ၃၀ခန့် အကြာတွင်လူငယ်ညွှန်ကြားရေးမှူးမှ ဖုန်းမှတဆင့်စာပို့လာပါသည်။ "ကစားနည်းနဲ့ပတ်သက်ပြီး ဘာမှထွေထွေထူးထူး ပြောစရာမရှိပါဘူး။ ကျွန်တော်တို့လေ့လာနေဆဲပါ။ ဒီလောက်ပါပဲ" ဟု ရေးသားလာပါသည်။

အင်ဂရက်သည်နောက်ထံသို့ဖုန်းဆက်၍ "ဇာဂွန်တို" ကိုသွားရအောင်လို့ ပြောလိုက်ပါသည်။

"ဘာဖြစ်တာလည်း" လို့နောက်မေးတဲ့အခါ "ညနေအိမ်ရောက်မှ ပြောပြမယ်" လို့ အင်ဂရက်ကဖြေလိုက်ပါသည်။

ယနေ့တွင်နောက်နှင့်အင်ဂရက်တို့သည်ဇာဂွန်တိုသတ္တမနေ့အသင်းတော်ကောလိပ်ကျောင်းတွင်အတူတကွနေထိုင်၍အလုပ်လုပ်လျက်ရှိသည်။ သား၂ဦးမှာလည်းထိုကျောင်းဝင်းထဲကသတ္တမနေ့အသင်းတော်၏အထက်တန်းကျောင်းတွင်ပညာသင်ကြားလျက်ရှိသည်။ နောက်သည်သူ၏ရှယ်ရာများကိုရောင်း၍ဘာသာရေးဆိုင်ရာများကိုသင်ယူလျက်အချိန်ပြည့်ဘုရားသခင်၏အကြောင်းကိုပျော်ရွှင်စွာပြောကြားလျက်ရှိသည်။

"ကျွန်တော်တို့ဟာဘုရားသခင်၏စေခိုင်းချက်ကိုလုပ်ရန်၊ အလိုတော်ကိုဝန်ခံရန်နှင့် ကိုယ်တော်၏အသံတော်ကို နားထောင်ရန်အမြဲအသင့်ရှိနေပါတယ်" လို့ ဆုံးဖြတ်ထားပါသည်။ "ကျွန်တော်တို့အသက်တာကိုကျွန်တော်တို့မပိုင်ပါဘူး။ဘုရားသခင်ဟာကျွန်တော်တို့ကိုခေါ်ဆောင်ခဲ့သလိုဆက်လက်ပို့ဆောင်လျက်ရှိသည်။ ကိုယ်တော်စေရာကျွန်တော်တို့သွားပါမည်" ဟု နောက်ပြောခဲ့ပါသည်။

-o-

"ခက်ခဲသောဆောက်လုပ်ခွင့်"

ဩဂုတ်လ ၂၂ ရက်၊ ရေးသားသူ- မာရီယမ်၊ဘူဂေးရီးယားနိုင်ငံ၊

ဘူဂေးရီးယားနိုင်ငံတွင် မည်သည့်အဆောက်အဦးမျိုးကိုမဆို ဆောက်လုပ်ရန်ခွင့်ပြုချက်ရရှိရမည်။ ဆောက်လုပ်ခွင့်ကိုမြို့တော်စည်ပင်မှာတောင်းခံရမည်။

ဘူဂေးရီးယားနိုင်ငံ၏မြို့တော်ဆိုဖီယာတွင်သတ္တမနေ့အသင်းတော်၏ဘုရားကျောင်းကြီးဆောက်လုပ်ရန်စီမံကိန်းရှိသည်။ ထိုအတွက်ကြောင့် မြို့တော်အစိုးရ၏ဗိသုကာထံမှလက်မှတ်ရရှိရန် လိုအပ်သည်။

ထိုသူ၏လက်မှတ်ရရှိရန်ကြိုတင်ချိန်းဆိုမှုများလုပ်ဆောင်ရမည်။ သို့သော်ထိုအရာရှိသည်မအားသည်ကများ၍အဆောက်အဦးဆောက်လုပ်ခွင့်ပေးရန်လက်မှတ်ထိုးခြင်းကိုတစ်လတွင်တစ်ရက်၊တစ်မွန်းတက်သာရုံးတွင်လုပ်ဆောင်ပါသည်။

ကြိုတင်ချိန်းဆိုခြင်းကို ဖုန်းခေါ်ဆိုခြင်းဖြင့်သာလက်ခံ၍ လူကိုယ်တိုင်သွားရောက်ဆောင်ရွက်ခွင့်မပြုပါ။

ကြိုတင်ချိန်းဆိုရန်ဘူဂေးရီးယားသတ္တမနေ့အသင်းတော်၏အတွင်းရေးမှူးအိုင်ဗာ၏တာဝန်ဖြစ်လာသည်။ အိုင်ဗာသည် အစိုးရဗိသုကာအဖွဲ့မှူး၏ အတွင်းရေးမှူးထံရက်ချိန်းယူရန်ဖုန်းဆက်ရပါသည်။

ထိုအလုပ်သည်မလွယ်ကူခဲ့ပါ။ ပထမလတွင်ဖုန်းလိုင်းများမအားပါ။ဒုတိယလတွင်ဖုန်းဝင်သော်လည်း မည်သူမျှဖုန်းမကိုင်ပါ။ တတိယလနှင့် စတုတ္ထလတွင်ဖုန်းလိုင်းများမအားလပ်မှုနှင့်ထပ်မံကြုံတွေ့ရသည်။

နောက်ဆုံးတွင်ဘူဂေးရီးယားတိုင်ငံသတ္တမနေ့အသင်းတော်၏ဥက္ကဋ္ဌကိုယ်တိုင်ထိုအစိုးရဗိသုကာရုံးသို့သွား၍အတွင်းရေးမှူးနှင့်ကိုယ်တိုင်တွေ့ဆုံကာအခြေအနေကိုရှင်းပြခဲ့သည်။

“ရှင်၊ ဒီလိုရက်ချိန်းယူလို့မရဘူး၊ ဖုန်းနဲ့ရက်ချိန်းယူမှရမှာပါ” လို့ ပြောလာသောအခါဥက္ကဋ္ဌလည်း အိုင်ဗာထံဖုန်းဆက်၍ “အခုအစိုးရဗိသုကာရုံးခန်း၊ သူ့ရဲ့စာရေးဆီဖုန်းဆက်ပါ။ကျွန်တော်သူ့ရုံးခန်းမှာရှိနေပါတယ်”လို့ ချက်ချင်းဖုန်းဆက်လိုက်ပါတယ်။

အိုင်ဗာသည်တစ်ခေါက်နောက်တစ်ခေါက်ထပ်ခါထပ်ခါဖုန်းခေါ်သော်လည်း မည်သူမျှဖုန်းလက်ခံခြင်းမရှိပါ။ဖုန်းမြည်သံခဏခဏထွက်ပေါ်လာသံကိုဥက္ကဌနှင့်ရုံး စာရေးမကြားသော်လည်းမည်သူမျှဖုန်းမကိုင်ပါ။

စိတ်ပျက်ခြင်းများနှင့် "ဆရာကိုယ်တိုင်ခေါ်ကြည့်လိုက်ပါလား"ဟု အိုင်ဗာ ကဥက္ကဌကိုဖုန်းဆက်ပြောလိုက်ပါသည်။

ဥက္ကဌသည် ထိုရုံးစာရေးမအရှေ့တွင်ရပ်လိုက်ပြီး ထိုစာရေးမထံ ဖုန်းဆက် လိုက်ပါသည်။ သို့သော် သူမ ဖုန်းမကိုင်ပါ။

ထိုအခါသတ္တမနေ့အသင်းတော်ဥက္ကဌကထိုအသင်းတော်ပိုင်မြေအားတစ်ဦး ဦးမှဝယ်ယူလိုနေသလားဟုစ၍ သံသယစိတ် ဖြစ်ပေါ်လာခဲ့ပါသည်။ ဆိုဖီယာမြို့၌ရှိ သော သတ္တမနေ့အသင်းတော်ပိုင်မြေသည် အချက်အချာကျသောနေရာ၌ ရှိသည်။ ညာဘက်တွင် မြေအောက်ရထားဘူတာရုံသွားရာလမ်း၌ရှိ၍ အသစ်ထပ်ဆောက် မည့်ဘုရားကျောင်းနံဘေးတွင်ဈေးဝယ်စင်တာများရှိသည်။ အခြားတဖက်တွင်ဓါတ် ရထားရုံးကြီးရှိသည်။ တစ်ချို့သောသူများသည် သတ္တမနေ့အသင်းသားများသည်ထို မြေနေရာကိုဈေးနှုန်းလျော့၍ရောင်းကာ လက်မြှောက်အရှုံးပေးသွားမှာလို့ ထင်နေ ကြပါသည်။

သတ္တမနေ့ အသင်းသားများသည် စိတ်နှိမ့်ချစွာစတင်၍ ဘုရားကျောင်း ဆောက်လုပ်နိုင်ရန် ဆုတောင်းကြပါသည်။ ၂၅ နှစ်တိုင်တိုင် ဆုတောင်းခဲ့ကြသည်။ နောက်ဆုံးတွင်ဗိသုကာအဖွဲ့မှူးအသစ်ပြောင်း၍အချိန်ကြာမြင့်စွာစောင့်ခဲ့ရသောအ ဆောက်အဦးဆောက်လုပ်ခွင့်ကိုရရှိခဲ့ပါသည်။ ဘုရားကျောင်းဆောက်လုပ်ရေးကို အောက်တိုဘာလ၊ ၂၀၂၄ခုနှစ် တွင်စတင်ခဲ့ပါသည်။ ထိုဆောက်လုပ်ရေးကို သုံးလ ပတ်အလှူငွေ (ခေါ်) ၁၃ ပတ်အလှူငွေအားဖြင့် ဆောက်လုပ်ခြင်းဖြစ်ပါသည်။

"၂၅ နှစ်တာဆုတောင်းချက်သည် အမှန်တကယ်ဖြစ်လာခဲ့ပါပြီ" ဟု အသင်း လူကြီးဖြစ်သူ မာရီယမ်မှ ပြောခဲ့ပါသည်။

ဆိုဖီယာမြို့၏အနောက်ဘက်တွင်ရှိသောသတ္တမနေ့အသင်းတော်၏ဘုရားကျောင်းသည်ဆောက်လုပ်လျက်ရှိ၍ ၂၀၂၀ ခုနှစ်၏ပထမသုံးလပတ်အလှူငွေကိုကမ္ဘာတဝှမ်းမှအလှူရှင်များထည့်ဝင်လှူဒါန်းပေးခြင်းကြောင့်ဆောက်လုပ်မှုကိုစတင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ယခု သုံးလပတ်အသုံးပြုမည့် အလှူငွေသည် ဘူဂေးရီးယားနိုင်ငံတွင်ခရစ်တော်ဒုတိယအကြိမ်ပြန်ကြွလာမည့်သတင်းစကားကိုဝေမျှနိုင်ရန်ဖြစ်ပါသည်။သတ္တမနေ့အသင်းတော်၏ရောင်စုံမျှော်လင့်ခြင်းမူကြိုသည်အငှားသုံးနေရသောနေရာမှကိုယ်ပိုင်အဆောက်အဦးသို့ပြောင်းရွှေ့ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။ သင်၏အလှူငွေအတွက်ကျေးဇူးတင်ပါသည်။

-ဝ-

"သတ္တမနေ့အသင်းတော်၏ပထမဆုံးမူကြို"

ဩဂုတ်လ ၂၉ ရက်၊ ရေးသားသူ-မာရီယာ၊ဘူဂေးရီးယားနိုင်ငံ၊

(ယခုတစ်ပတ်ရပ်ဝေးသတင်းစကားသည်ဘူဂေးရီးယားနိုင်ငံ၊ဆိုဖီယာမြို့ရှိရောင်စုံမျှော်လင့်ခြင်းသတ္တမနေ့အသင်းတော်၏မူကြိုကျောင်းအကြောင်းဖြစ်သည်။ ယခုသုံးလပတ်အလှူငွေအချို့သည်ထိုကျောင်းအတွက်အသုံးပြုမည်ဖြစ်သည်။)

မာရီယာသည်သူမ၏ သုံးနှစ်သားကလေးကိုအပြင်မူကြို၌ကျောင်းမအပ်လိုပေ။ သို့သော်ရွေးစရာမရှိပါ။ အသင်းတော်မူကြိုကျောင်းမရှိသောကြောင့်ဘာလုပ်ရမည်ကိုမသိပါ။

ဘူဂေးရီးယားနိုင်ငံ၏ဥပဒေအရကလေးမွေးဖွားပြီးသုံးနှစ်အထိမီးဖွားခွင့်ရက်ရှည်ရသည်။ သို့သော်ယခုတွင်သူမ၏သားသည်သုံးနှစ်ပြည့်တော့မည်ဖြစ်၍သူမ၏အတွေးထဲတွင် နေ့ရောညပါပူပန်မှုနှင့်ပြည့်နေသည်။ မကြာမီငွေကြေးနှင့်ဆိုင်သောသူမ၏လုပ်ငန်းသို့ ပြန်ဝင်ရတော့မည်။ သူမ၏လုပ်ဖော်ကိုင်ဖက်များ၊လစာကို

သူမသဘောကျသော်လည်း သူမ၏သားကိုအပြင်မှုကြို၌ထားရမည်မှာစိတ်အနှောင့်အယှက်ဖြစ်နေသည်။

ကြံရာမရသည့်အဆုံး၌ခင်ပွန်းသည်ကို "ကျွန်မအလုပ်ပြန်ဝင်ရတော့မယ်။ ဘယ်လိုလုပ်ရမလဲ" ဟု မေးလိုက်ပါသည်။

"ဘုရားသခင်မင်းကိုဘာလုပ်စေချင်လည်းဆိုတာဘယ်အချိန်မှာနားလည်မှာလဲ" လို့ ခင်ပွန်းကသူမကိုအလေးအနက်မေးလိုက်ပါသည်။

ဘုရားကိုယ်တိုင်ပြောသောစကားကဲ့သို့မာရီယာအားအံ့အားသင့်စေခဲ့ပါသည်။ ခင်ပွန်းပြောသောအရာမှန်သည်ကိုသူမသိသည်။ ဘူဂေးရီးယား၌သတ္တမနေ့အသင်းတော်မူကြိုစတင်ဖွင့်လှစ်ရန်လိုကြောင်း သူမသိသည်။ သို့သော်မည်သို့ ဖွင့်ရမည်နည်း။ ၂၀၁၆ ခုနှစ်၌ ဘူဂေးရီးယားတွင် သတ္တမနေ့အသင်းတော်မှ ဖွင့်သောကျောင်းတစ်ကျောင်းမျှမရှိပါ။

သူမ၏အကြံအစည်ကိုအသင်းများနှင့်တိုင်ပင်ပြောဆိုသောအခါအချို့သောသူများသည်မအောင်မြင်နိုင်ဟုသံသယဝင်ကြသည်။ "အချိန်တွေမဖြုန်းပါနဲ့""မဖြစ်နိုင်ပါဘူး"။ "ဘူဂေးရီးယားမှာရှိတဲ့မူကြိုကျောင်းအားလုံးက အလကားတက်ရတာ၊ ဘယ်သူကပိုက်ဆံပေးရတဲ့မူကြိုကိုသားသမီးတွေလွှတ်မှာလဲ" လို့ပြောကြပါသည်။

သို့သော်၃လအကြာ၌ရောင်စုံမျှော်လင့်ခြင်းမူကြိုကျောင်းကိုဖွင့်နိုင်ခဲ့သည်။

သင့်တော်သောနေရာဖြစ်ရန် ၆ပတ် ကြာရှာဖွေခဲ့ရသည်။ ၃နှစ်သားလေးနှင့်အတူဘူဂေးရီးယားနိုင်ငံ၏မြို့တော်ဆိုဖီယာကိုခေါက်တုတ်ခေါက်ပြန်ဖြန်သန်းသွားလာ၍ သင့်တော်သောနေရာအတွက်ရှာဖွေခဲ့သည်။ သူမ၏အိမ်နီးချင်းနေရာမှလွဲ၍နေရာအနှံ့ရှာဖွေခဲ့သည်။ သူမရှာဖွေသောနေရာသည် သူမ၏အိမ်နှင့် ၁၅မိနစ်ခန့်သာလျှောက်သွား၍ရနိုင်သောနေရာဖြစ်ပြီး၊ သွားရေးလာရေးအဆင်ပြေသည့်နေရာဖြစ်ရမည်ဟုသတ်မှတ်ကာရှာဖွေသော်လည်း မည်သူမျှခွင့်မပြုလိုကြပေ။ မူကြိုဖွင့် မည်

ဟုကြားလိုက်ချိန်တွင်ပိုင်ရှင်များသည် ခေါင်းရမ်း၍ ”မရဘူး” ဟုသာပြောကြသည်။ သူတို့၏အဆောက်အဦးများကို ကလေးငယ်များမှဖျက်စီးပြစ်မှာမလိုလားကြပါ။

ဘုရားသခင်၏အလိုတော်ကိုနားမလည်တော့ပါ။ မည်သည့်အတွက်ကြောင့် မူကြိုကျောင်းအတွက်နေရာရှာမရဖြစ်နေရသနည်းဟု စဉ်းစားမရဖြစ်နေသည်။

လုပ်ငန်းခွင်ထဲပြန်ဝင်ရန် ခြောက်ပတ်သာလို၍ အချိန်ကုန်လာသည်။ မာရီယာတဖန်ဆုတောင်း၍ “အိမ်နဲ့အနီးအနားမှာရှာကြည့်ပါဦးမယ်” လို့ ကိုယ့်ကိုကိုယ်ပြောနေမိသည်။

ထိုနောက်လမ်းမပေါ်တွင်အိမ်ငှားမည်ဟူသောကြော်ငြာကပ်ထားသောအိမ်တစ်လုံးကိုတွေ့လိုက်သည်။ ဤနေရာသည် ဘုရားစီစဉ်ပေးသောနေရာဟု စိတ်ထဲတွင်သူမသိနေသည်။ အိမ်ရှင်သည်လည်းထိုသို့ခံယူမိပါစေဟုဘုရားသခင်ထံသူမဆုတောင်းမိသည်။

အိမ်ပိုင်ရှင်သည်သူမ၏အတွေးကိုရိပ်မိ၍မာရီယာသည်သူမ၏အဖွဲ့ကိုထိုနေရာသို့လာကြည့်ရန်ဖိတ်ခေါ်လိုက်ပါသည်။ သူတို့သည်ထိုအိမ်ကိုကြိုက်၍အိမ်ရှင်လည်း သူမတို့အဖွဲ့ကိုသဘောကျလျက်ရှိသည်။ အိမ်ရှင်သည်အနည်းဆုံးဈေးနှင့်ငှါးရမ်းပေး၍လျှော့ပေးရန်လည်းသဘောတူခဲ့သည်။ ထိုမူကြိုသည်အမြတ်အစွန်းအတွက်မဟုတ်၊ ဈေးနှုန်းသက်သာစွာ စတင်မည့်အလုပ်ဖြစ်ကြောင်း အိမ်ရှင်နားလည်လာခဲ့သည်။

သဘောတူစာချုပ်တွင် လက်မှတ်မထိုးမီ ထိုမူကြိုသည်သတ္တမနေ့အသင်းတော်၏စည်းကမ်းများနှင့်အညီသင်ကြားပေးမည့်အကြောင်းကို အိမ်ရှင်အားအသိပေးရမည်ဖြစ်သည်။အိမ်ရှင်သည်မည်သို့တုံ့ပြန်မည်ကိုတွေးနေမိသည်။တစ်ချို့ဘူဂေးရီးယားလူမျိုးများသည် သတ္တမနေ့အသင်းသားများကို အထင်အမြင်သေးကြသည်။

သဘောတူစာချုပ်လက်မှတ်ထိုးမည့်ရက်တွင်အိမ်ရှင်ထံသို့သွားခဲ့သည်။ အိမ်ရှင်၏ခင်ပွန်းသည်၊ကုလားထိုင်၌ထိုင်ပြီးကျမ်းစာဖတ်နေသည်ကိုတွေ့လိုက်ရသောအခါ မှင်သက်မိသည်။ သူသည် ဘာသာရေးနှင့်အတွေးအခေါ် ပိုင်းဆိုင်ရာအငြိမ်းစားတစ်ယောက်ဖြစ်ကြောင်းသိရသည်။

အိမ်ရှင်သည်သတ္တမနေ့အသင်းတော်မူကြိုနှင့်ပတ်သက်၍အင်တာနက်တွင်တွေ့ရှိသိထားပြီးဖြစ်ကာ၊ အကောင်းမြင်သူတစ်ဦးလည်းဖြစ်သည်။ နှစ်ပေါင်းများစွာစနေ့ဟူးဆရာမအနေနှင့်သတ္တမနေ့အသင်းတော်မှကလေးများစွာကိုသင်ပေးခဲ့ပါသည်။ သတ္တမနေ့အသင်းတော်မူကြိုဖွင့်ရန် ယုံကြည်စွာအိမ်ငှားပေးရ၍ ပျော်ရွှင်မိကြောင်းပြောခဲ့ပါသည်။

မူကြိုကိုစက်တင်ဘာ ၁၅ ရက်၊ ၂၀၁၆ ခုနှစ်တွင်စတင်ဖွင့်လှစ်ခဲ့ပါသည်။ဘုရားသခင်ကောင်းကြီးပေးခြင်းဖြင့်၂နှစ်အကြာ၌ထိုနာမည်နှင့်ပင်မူကြိုကျောင်းခွဲတစ်ကျောင်းကိုနေရာအသစ်၌ ဖွင့်လှစ်နိုင်ခဲ့သည်။ ယနေ့တွင်ထိုမူကြိုကျောင်း၂ကျောင်းတွင်တစ်ကျောင်း၌ ကလေး၁၆ ယောက်နှင့်ကျန်ကျောင်း၌ ၁၄ ယောက်ရှိသည်။

ယနေ့တွင်မာရီယာနှင့် ပထမကျောင်းအိမ်ရှင်သည်နွေးထွေးသောဆက်ဆံရေးကိုတည်ဆောက်ထားနိုင်ခဲ့သည်။ သူမတို့ ၂ဦးစကားပြောချိန်တိုင်းအိမ်ရှင်က "မင်းကသူများနဲ့မတူဘူး။ ဘုရားသခင်ကမင်းရဲ့နေ့စဉ်အလုပ်ထဲမှာအတူရှိနေတာပဲ" လို့ပြောလေ့ရှိသည်။

မာရီယာနှင့်အဖွဲ့သည်အိမ်ရှင်လင်မယားအတွက်ပုံမှန်ဆုတောင်းပေးပါသည်။

"သူတို့လင်မယားမှာကလေးမရှိပါဘူး" လို့ မာရီယာ ပြောပြခဲ့သည်။ "သူတို့ကျွန်မတို့ကိုဒီအိမ်ငှားပေးလိုက်တာသူတို့အတွက်အခိပ္ပါယ်တွေနဲ့ပြည့်စုံလာတယ်။ သူတို့ ကျွန်မတို့ကိုအမြဲအားပေးတယ်။ ကျွန်မတို့ကနေတဆင့်သူတို့လင်မယားအတွက်ဘုရားမှာအစီအစဉ်ရှိကြောင်းသိတဲ့အတွက်သူတို့အတွက်အမြဲဆုတောင်းပေးခဲ့ပါတယ်" လို့ သူမဆက်၍ပြောခဲ့ပါသည်။

ယခုသုံးလပတ်အလှူငွေသည်ရောင်စုံမျှော်လင့်ခြင်းမူကြိုကျောင်းကိုအိမ်ငှား၍ဖွင့်လှစ်ရခြင်းမှ ကိုယ်ပိုင်အခန်းသို့ရွှေ့၍ဖွင့်နိုင်ရန် ကူညီထောက်ပံ့သွားမည်ဖြစ်ပါသည်။

-၀-

"ဆိုဖီယာ၏အကြိုက်ဆုံးစာအုပ်"

စက်တင်ဘာလ ၅ ရက်၊ ရေးသားသူ-ဆိုဖီယာ၊ဘူဂေးရီးယားနိုင်ငံ

(ယခုတစ်ပတ်သုံးလပတ်အလှူငွေအားဖြင့်ကူညီမည့်နေရာသည်ဘူဂေးရီးယားနိုင်ငံ၊ဆိုဖီယာမြို့၌ရှိသောရောင်စုံမျှော်လင့်ခြင်းမူကြိုကျောင်းဖြစ်သည်။)

ဘူဂေးရီးယား၌နေထိုင်သော၂နှစ်သမီးလေးဆိုဖီယာသည်ဉာဏ်ကောင်း၍စူးစမ်းမှုအားကောင်းသောကလေးလေးဖြစ်သည်။ ထိုကလေးမလေးသည်ဘုရားသခင်အကြောင်းမကြားဘူးပါ။ သူမ၏မိဘများသည် ဘာသာရေး စိတ်မဝင်စားသောကြောင့်ဖြစ်သည်။ သို့သော် ဘူဂေးရီးယားနိုင်ငံ၏မြို့တော် ဆိုဖီယာ၌ရှိသောသတ္တမနေ့အသင်းတော်၏မူကြိုကျောင်းကောင်းသတင်းများကိုကြားထားသောကြောင့်ဆိုဖီယာလေးကိုထိုကျောင်းတွင်ထားရန် သေချာနေပါသည်။

ထိုကျောင်းတွင်နံနက်တိုင်းကြားရသောကျမ်းစာပုံပြင်များကိုဆိုဖီယာသည်ချက်ချင်းကြိုက်နှစ်သက်သွားသည်။ ကျမ်းစာပုံပြင်များကိုစွဲလန်း၍မကြာမီ နှလုံးသားထဲတွင်သိမ်းထားခဲ့လိုက်သည်။

၃နှစ်ပြည့်ဆိုဖီယာသည်ကျမ်းစာပုံပြင်များနှင့်ပို၍ရင်းနှီးလာသည်။တစ်နေ့၌ဆရာမသည်ရှန်ဆုံအကြောင်းပုံပြင်ဖတ်ပြ၍ဖိလိတ္တိမင်းသည်ရှန်ဆုံကိုဖမ်း၍ထောင်ချလိုက်ကြောင်းဖတ်ပြသည်။

“အို၊ ဖိလိတ္တိလူ” “ဂေါလျက်ကဖိလိတ္တိလူမျိုးလေ” ဟုဆိုဖီယာပြောလိုက်ပါသည်။ ဆိုဖီယာမှန်ပါသည်။ ဖိလိတ္တိလူမျိုးဂေါလျက်သည် ရှောလုမင်းနှင့်ဒါဝိဒ်လက်ထက်၌ထွက်ပေါ်လာသောစစ်သူရဲဖြစ်သည်။

ဆိုဖီယာ၏စူးစမ်းလေ့လာမှုသည်ဆရာကိုအံ့သြစေသည်။တကယ်ပင်မှတ်သားထားစရာကောင်းသောကလေးလေးဖြစ်သည်။

တစ်နေ့တွင်သတ္တမနေ့အသင်းတော်မှထုတ်ဝေသောကလေးများအတွက်ဥပုသ်စာဖြေစာအုပ်ကိုကိုင်၍ဖတ်နေသောဆိုဖီယာ၏ဓာတ်ပုံကိုသူမအမေမှ ဆရာမထံသို့ပို့ပေးလိုက်သည်။ ဆရာမသည်ထိုစာအုပ်ကို သူမ၏မိသားစုထံသို့ မပေးလိုက်သောကြောင့်အံ့အားသင့်နေသည်။

“ဒီစာအုပ်ကိုဘယ်ကရသလဲ” လို့ဆရာမကမေးလိုက်ပါသည်။ ဈေးဝယ်စင်တာမှညှော့သည်တစ်ယောက်က ဆိုဖီယာကို ပေးလိုက်ခြင်းဖြစ်သည်။

ဆိုဖီယာသည်ဥပုသ်စာဖြေစာအုပ်ကိုအရမ်းကြိုက်နှစ်သက်သည်။ သို့သော်မူကြိုဆရာမပေးသော ကျမ်းစာပုံပြင်များစာအုပ်ကို အကြိုက်ဆုံးဖြစ်သည်။ ထိုစာအုပ်ကိုနေ့စဉ်အိမ်သို့ယူသွား၍ရောင်စုံပုံပြင်စာအုပ်ကိုထုတ်ကြည့်လေသည်။စာရွက်လှန်၍ကြည့်ကာ၊ ကျောင်းမှဆရာမပြောပြသောပုံပြင်များကိုသတိရလျက်ရှိသည်။

တစ်နေ့ ၌ဆရာမသည် ဆိုဖီယာ အခြားအနီရောင်ကျမ်းစာအုပ်ကလေးကိုသယ်လာသည်ကိုသတိထားမိသည်။ လက်ထဲ၌တစ်နေကုန်ကိုင်ထားသည်။အဆုံး၌ “သွားလေရာရာမှာ ဘာလို့ဒီကျမ်းစာအုပ်ကို ကိုင်ထားရတာလဲ” လို့ ဆရာမကမေးလိုက်ပါသည်။

“သမီးရဲ့အကြိုက်ဆုံးစာအုပ်မို့ပါ” အိမ်မှာဒီစာအုပ်မရှိဘူးလေ၊ ဖွားဖွားဆီသွားရင်ဒီစာအုပ်လေးနဲ့ ခွဲသွားရတော့မှာမို့ပါ” လို့ ဆိုဖီယာက ပြန်ဖြေလိုက်ပါသည်။

ဆရာမအံ့သြသွားခဲ့ရသည်။ အကြောင်းမှာဆိုဖီယာသည်သူမ၏ကိုယ်ပိုင်ကလေးကျမ်းစာအုပ်လေးကိုနှစ်သက်ကြောင်းဆရာမသိသည်။ သို့သော်ယခုကျမ်းစာ

အုပ်အနီလေးသည်စာသားများသာရှိ၍ပုံများလည်းမပါဝင်ပါ။ ယနေ့တွင်ထိုကျမ်းစာအုပ်အနီလေးသည်သူ၏အကြိုက်ဆုံးစာအုပ်အဖြစ်ရွေးချယ်လိုက်၍ထိုစာအုပ်လေးနှင့်မခွဲချင်ကြောင်းတွေ့ရသည်။

ထိုနေ့ မွန်းလွဲပိုင်းကျောင်းဆင်းချိန်၌ဆရာမသည်ကျမ်းစာအုပ်အနီလေးကိုဆိုဖီယာအား လက်ဆောင်အဖြစ်ပေးလိုက်သောအခါ၊ သူမ၏အဖွားအိမ်သို့ သွားရောက်လည်ပတ်သောအခါတစ်ပါတည်းယူသွားခဲ့သည်။

ဆရာမမာရီယာမှ "ဆိုဖီယာဘယ်လိုကြီးပြင်းလာမလဲဆိုတာကျွန်မမြင်ချင်လိုက်တာ" "ဒီကလေးကဘုရားနဲ့လေးနက်တဲ့ဆက်သွယ်မှုရှိပါတယ်" "အခုဆိုမနက်ဘုရားရှိခိုးပြီးတိုင်းဒီမြို့နဲ့သူ့ရဲ့ကျောင်းအတွက်နေ့တိုင်းဆုတောင်းပေးတတ်နေပါပြီ" ဟု ဆက်၍ပြောပြလာပါသည်။

အငှားနဲ့ဖွင့်ထားရသောအခြေအနေမှကိုယ်ပိုင်အဆောက်အဦးသို့ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရန် ရောင်စုံမျှော်လင့်ခြင်းသတ္တမနေ့အသင်းတော်မူကြိုကျောင်းလေးအတွက် အလှူငွေရက်ရောစွာထည့်ဝင်ပေးသောကြောင့်ကျေးဇူးတင်ပါသည်။ ထိုမူကြိုတွင်လာတက်သောကလေးသူငယ်အများစုသည် ဘုရားကိုသိရှိခြင်းမရှိသော၊မယုံကြည်သောမိသားစုမှဖြစ်ပါသည်။

-o-

"ဘုရားရှင်အမှားမလုပ်ပါ"

စက်တင်ဘာလ ၁၂ ရက်၊ ရေးသားသူ-ဂိုဂီ၊ဘူဂေးရီးယားနိုင်ငံ

(ယခုတစ်ပတ်ကြားနာရမည့်ရုပ်ဝေးသတင်းစကားသည်ဘူဂေးရီးယားနိုင်ငံဆိုမီယာမြို့ရှိ သတ္တမနေ့အသင်းတော်ရောင်စုံမျှော်လင့်ခြင်းမူကြိုကျောင်း၏အဖြစ်အပျက်လေးကိုနားဆင်ရမည်ဖြစ်သည်။

သတ္တမနေ့အသင်းတော်၏မူကြိုကျောင်းသို့ရောက်လာချိန်၌ မိဘများသည် မှားယွင်းစွာရောက်လာသည်ဟုဆရာမထင်ပါသည်။ ဖခင်လုပ်သူမှာ ခေါင်းအစခြေအဆုံးတစ်ကိုယ်လုံးတက်တူးများနှင့်ဖုံးအုပ်နေ၍ မိခင်ဖြစ်သူကတော့ ခေတ်မှီဖက်ရှင်နှင့်မော်ဒယ်အရှိုးပေးရလောက်အောင်ဝတ်စားထားပါသည်။

ထိုမိဘနှစ်ပါးသည်သူတို့၏သားကိုမူကြိုထားရန်နေရာရှာလျက်ရှိသည်။

ဒီမူကြိုသည်ထိုကလေးငယ်ရိုဂီအဖို့သင့်တော်သောနေရာမဖြစ်နိုင်ကြောင်း ဆရာမတွေးမိသည်။ ဆရာမသည်တိတ်တဆိတ်ဆုတောင်း၍ထိုမိဘနှစ်ပါး၏အပြင်ပန်းသဏ္ဍာန်ကိုသာကြည့်၍အတွင်းသိအောင်မကြိုးစားဘဲ၊ သေချာငြင်းလိုက်မည်ဟုတွေးထား၍ထိုမိဘနှစ်ပါးကို၎င်းမူကြိုသည် သခင်ခရစ်တော်ယေရှုကို ချစ်တတ်ရန်သင်ပေးသောနေရာဖြစ်ကြောင်းပြောပြလိုက်ပါသည်။

“ဟုတ်ကဲ့၊ဟုတ်ကဲ့” “ကျွန်တော်တို့သားကိုကျောင်းအပ်ချင်ပါတယ်”ဟုစိတ်အားထက်သန်စွာ ပြန်ဖြေကြားလာသည်။

ရိုဂီသည်ဖွံ့ဖြိုးမှုနှေးသောကလေးဖြစ်သည်။ ကျောင်းရောက်ခါစ၌အခြားကလေးများနှင့်စကားမပြောနိုင် ၊အသံအချို့သာပြုလုပ်နိုင်သည်။ ရိုဂီ၏ပုံစံသည်အော်တစ်ဇင်ဖြစ်သောကလေးငယ်၏ပုံစံဖြစ်နေသည်။

ဆရာမသည်ရိုဂီအတွက် ရက်ပေါင်းများစွာဆုတောင်း၍ သူနှင့်ရင်းနှီးစွာနေထိုင်ပေး၍ သူ၏ဖွံ့ဖြိုးမှုနှင့်အခြားကလေးများနှင့်ဆက်ဆံရေးများတိုးတက်လာစေရန် လုပ်ဆောင်ပေးလျက်ရှိသည်။

အချိန်ကြာလာသည်နှင့်ရိုဂီ၏မိခင်သည်သားအပေါ်ဘဝကိုနစ်မြှုပ်ထားသည်ကိုတွေ့ရ၍ မူကြိုကျောင်းအတွက်အကောင်းဆုံးများပေးဆပ်လျက်ရှိသည်။သူမတတ်နိုင်သလောက်ကူညီပေးခဲ့သည်။ မူကြိုကျောင်းကုန်ကျစရိတ်သက်သာစေရန် ခေတ်မှီဖက်ရှင်များဝင်ဆင်ထားသောထိုမိခင်သည်မူကြိုအတွက်လိုအပ်သောအရာများကိုကိုယ်တိုင်ဝယ်ယူပေးလေ့ရှိသည်။ ရိုဂီ၏ဖွံ့ဖြိုးမှုနှေးကွေးခြင်းကိုလည်းစိတ်

မပျက်ခဲ့ပါ။ ဆရာမနှင့်မိခင်တို့သည် ပုံမှန်တွေ့ဆုံ၍ဂိုဂီအတွက်မကြာခဏဆွေးနွေး တိုင်ပင်ကြသည်။ အိမ်၌လည်းသားလေးကို မည်သို့ကူညီထောက်ပံ့ရမည်ကို ညွှန် ကြားပေးသည်။

လအနည်းငယ်အကြာတွင်ဂိုဂီသည်စကားစပြောလာ၍အခြားတိုးတက်မှု များရှိလာခဲ့သည်။ ဆရာမနှင့်မိခင်သည်သူငယ်ချင်းများဖြစ်လာကြသည်။ ဂိုဂီ၏ဖ ခင်သည်ဘူဂေးရီးယား လူဆိုးဂိုဏ်းခေါင်းဆောင်၏ကိုယ်ရံတော်အလုပ်လုပ်သည် ကို ဆရာမသိလာရသည်။

ဂိုဂီနှင့်သူ၏မိသားစုအတွက်ဆရာမဆက်၍ဆုတောင်းပေးလျက်ရှိသည်။

နံနက်ခင်းတစ်ခုတွင် ဂိုဂီ၏မိခင်ထံမှရုပ်သံဖိုင်တစ်ခုကိုဆရာမရရှိခဲ့သည်။ ဂိုဂီသည်ဖျားနေပြီး "အမေ၊ အခုဝိညာဉ်မနက်စာစားရမယ့်အချိန်" လို့ မိခင်ကိုပြော တဲ့ပုံလေးဖြစ်ပါသည်။

မူကြိုကျောင်းတွင်ဆရာမကနံနက်ဘုရားဝတ်ပြုကိုးကွယ်မှုကိုဝိညာဉ်နံနက် စာဟုရည်ညွှန်းသုံးနှုန်းခဲ့သည်။ ယခု ဂိုဂီသည်အိမ်၌ မိခင်နှင့်အတူ ဘုရားဝတ်ပြုကိုး ကွယ်လိုပါသည်။

ရုပ်သံဖိုင်တွင်ကျောင်း၌ဆိုသောဘုရားသီချင်းများကို ဂိုဂီသီဆိုနေသည်။ မူ ကြိုကျောင်းမှလက်ဆောင်ပေးလိုက်သောကလေးကျမ်းစာကိုကိုင်ထား၍သူနား ထောင်လိုသောပုံပြင်ကို သူ၏မိခင်ကိုဖတ်ခိုင်းလျက်ရှိသည်။

မိခင်သည်ကျေနပ်လျက်ရှိသည်။ ဆရာမသည်ပို၍ပင်ပျော်ရွှင်နေပါသည်။ မိခင်သည်ဘုရားသခင်ကိုပို၍သိလိုကြောင်းတွေ့မြင်ရသည်။ ဆရာမသည်သူမကိုစ တင်၍ကျမ်းစာသင်ပေးခဲ့သည်။

ဂိုဂီ၏အိမ်၌အသက်တာပြောင်းလဲလာကြသည်။ ဖခင်သည်အသားစားခြင်း ကိုရပ်လိုက်သည်။ မူကြို၌ကလေးများအတွက် ကျန်းမာသောအစာများကို ပြင်ဆင် ပေးခြင်းကြောင့် အိမ်၌အသားစားရန်ဂိုဂီသည်ငြင်းဆန်လာသည်။ထိုကြောင့်မိသားစု

အားလုံးအသားရှောင်ကြသည်။ အသားရှောင်သောကြောင့်ပိုကျန်းမာလာမည်ဟုမိခင်ကဖခင်ကိုပြောလိုက်ပါသည်။ ဖခင်ဖြစ်သူသည် ကိုယ်ရံတော်အလုပ်မှထွက်၍ ကျောင်း၌ကာယဆရာအဖြစ် အလုပ်ကိုပြောင်းလိုက်ပါသည်။

ဖခင်အလုပ်တာဝန်ထမ်းဆောင်ရမည့်နေရာသို့ဂိုဂီတို့မိသားစုလိုက်ပြောင်းရွှေ့သွားသော်လည်း၊ မိခင်နှင့်ဆရာမသည်အဆက်အသွယ်ရှိကြပါသည်။

ယနေ့တွင်ဂိုဂီသည်စာတော်သောလေးတန်းကျောင်းသားဖြစ်နေပါပြီ။မိခင်သည်နှစ်ခြင်းခံယူလိုသော်လည်းမိခင်နှင့်ဖခင်သည်အရင်ဆုံးလက်ထပ်ရန်စီစဉ်ကြသည်။ သူတို့နှစ်ဦးကြားတွင်နားလည်မှုနှင့်တည်ဆောက်ထားသောအိမ်ထောင်ရေးရှိသော်လည်းဘုရားရှေ့ လူရှေ့တွင် တရားဥပဒေနှင့်အညီထိမ်းမြားလက်ထပ်ရန်ဆန္ဒရှိကြပါသည်။

မိခင်သည်အလှဖန်တီးရှင်၊ မိတ်ကပ်ဆရာမအဖြစ်လုပ်ကိုင်၍ဖောက်သည်များကိုယေရှုခရစ်တော်၏မေတ္တာတော်အကြောင်းဝေမျှခဲ့သည်။ သူမလိုအပ်သောဝေစာ၊စာအုပ်များကိုလည်းမူကြိုကျောင်းမှပို့ပေးခဲ့သည်။သူမသည်သာသနာပြုတစ်ဦးဖြစ်လိုပါသည်။

ထိုမိခင်နှင့်ဖခင်ကိုသတ္တမနေ့အသင်းတော်မူကြိုကျောင်းသို့ဘုရားသခင်ပို့ဆောင်မှုသည် မှန်ကန်ကြောင်းဆရာမရှင်းလင်းစွာသိမြင်လာခဲ့သည်။သူတို့အသက်တာပြောင်းလဲစေရန် အံ့သြဖွယ်လက္ခဏာဖြစ်သည်။

-ㅇ-

"ကွဲသွားသောခွက်"

စက်တင်ဘာလ ၁၉ရက်၊ ရေးသားသူ-ဒါနီ၊ဘူဂေးရီးယားနိုင်ငံ

ဒါနီကိုအမေဖြစ်သူမှသတ္တမနေ့အသင်းတော်မူကြိုကျောင်းသို့ပို့ချိန်တွင်သူမ၏အသက်သည်တစ်နှစ်နှင့်ကိုးလသာရှိသေးသည်။

မိခင်သည်ကိုယ်ဝန်လွယ်ထား၍ မီးဖွားခါနီးဖြစ်ပြီး၊ ဒါနီကို ကြည့်ရှုပေးရန် တစ်စုံတစ်ယောက်လိုအပ်လျက်ရှိသည်။ သတ္တမနေ့အသင်းသား မဟုတ်သောထိုမိခင်သည်သတ္တမနေ့အသင်းတော်မူကြိုမှ ဆရာမသည် ဒါနီကို ဘုရားသခင်အားချစ်ခြင်း၌ ကြီးထွားလာရန်ကူညီပေးနိုင်ကြောင်းစိတ်ချသည်။

မူကြို၌ကြားရသော ကျမ်းစာပုံပြင်များနှင့်ဆရာမများကို ဒါနီ ချစ်ခင်လာသည်။ မိခင်နှင့်မိသားစုဝင်များလည်း မူကြိုကျောင်းနှင့်ဝန်ထမ်းများကို အချိန်တိုအတွင်းချစ်ခင်လာကြသည်။ဒါနီ၏အဖိုးအဖွား၊ဦးလေးအဒေါ်များအားလုံးသည်ရောင်စုံမျှော်လင့်ခြင်းမူကြို၏ အကြီးစားပရိသတ်များဖြစ်လာ၍ လူမှုကွန်ရက်ပေါ်တွင်တင်သမျှသောပုံများကို မှတ်ချက်ပေးရေးသားသော သူများဖြစ်ကြသည်။

တစ်နေ့ ၌ဒါနီ၏မိခင်သည်မူကြိုကျောင်းသို့လာ၍သာမန်မဟုတ်သောအရာကိုတောင်းဆိုပါသည်။“ဒါနီအတွက်မွေးနေ့အစီအစဉ်လေးလုပ်ပေးချင်လို့နေရာရှာပေးလို့ရနိုင်မလား” “ဧည့်သည်များများဆန့်မယ့်နေရာပေါ့” လို့ တောင်းဆိုလာပါသည်။

မူကြိုကျောင်းဆရာမများလည်းကူညီရန်သဘောတူလိုက်ပါသည်။ဒါနီ၏မိသားစုများလည်းနောက်ဆုံး၌ဘူဂေးရီးယားရှိသတ္တမနေ့အသင်းတော်ဌာနချုပ်၌မွေးနေ့ပွဲကျင်းပရန်ဖြစ်လာသည်။ တွေးကြည့်ပါ။ သတ္တမနေ့အသင်းသားမဟုတ်သောသူများသည်ကလေးငယ်လေးတစ်ဦး၏မွေးနေ့ပွဲကို ထိုအသင်းတော်၏ဌာနချုပ်၌စည်ကားစွာကျင်းပနေပါသည်။ လာရောက်ကြသောဧည့်သည်များကို သခင်ယေရှု၏မေတ္တာကိုအမှတ်ရစရာလက်ဆောင်လေးများကိုပေးဝေလိုက်နိုင်ရန်မူကြိုဆရာမများမှစီစဉ်ပေး၍ မွေးနေ့အစီအစဉ်ကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်ကူညီပေးခဲ့ကြပါသည်။

တက်ရောက်လာကြသောကလေးများ၊ မိဘများ၊ ဘိုးဘွားများ၊ ဦးလေးအဒေါ်များတို့သည်ပျော်ရွှင်၍စိတ်ထဲ၌စွဲမြဲစွာမှတ်မိလျက်ရှိသည်။

နောက်ပိုင်း၌ဒါနီ၏မိသားစုများသည်သတ္တမနေ့အသင်းတော်မှထုတ်ဝေသောစာအုပ်များကိုဖတ်ရှုကြသည်။ အယ်လင်ဂျီဝှိုက်ရေးသားသော "ထာဝရလိုအင်သက်တော်စဉ်" စာအုပ်ကိုလည်းဖတ်ကြသည်။

နောက်ဆုံးတွင်ဒါနီလည်းကျောင်းတက်ရမည့်အသက်အရွယ်ရောက်လာ၍မူကြိုမှထွက်ခွာခဲ့ရသော်လည်း မူကြိုဆရာမများနှင့် သူမ၏မိသားစုသည် အမြဲအဆက်အသွယ်ရှိခဲ့ကြသည်။ ထိုမိသားစုသည် ကျမ်းစာသင်ယူလျက်ရှိ၍ အလင်းအသစ်ကိုမြင်တွေ့ခဲ့ကြသည်။

ဒါနီမူကြိုမှထွက်ခွာပြီးနောက် တစ်နှစ်အကြာတွင်သူမ၏မိခင်မှ ညဉ့ ၁ဝနာရီတွင်မူကြိုကျောင်းဆရာမကြီးထံဖုန်းဆက်လာပါသည်။"ဒါနီသူ့ကြွေခွက်လေးကွဲသွားလို့ယူကျုံးမရငိုနေလို့ကူညီပါအုံး" ဟုအကူအညီလှမ်းတောင်းခြင်းဖြစ်သည်။

မူကြိုတက်သောကလေးများအားလုံးအတွက် မာရီယာမှပုံဆွဲပေးထား၍သူတို့နာမည်ရေးထိုးထားသောခွက်ကလေးဖြစ်သည်။ထိုအမှတ်တရလေးသည်ကလေးများအတွက်ရတနာဖြစ်၍ မူကြိုမှထွက်ခွာသွားချိန်၌ အိမ်သို့ယူဆောင်သွားခွင့်ရှိသောကိုယ်ပိုင်ဥစ္စာဖြစ်သည်။ ထိုခွက်ကလေးကွဲသွား၍ဝမ်းနည်းနေခြင်းသည်ဒါနီကထိုမူကြိုကျောင်းလေးပေါ်တွင် မည်မျှခင်တွယ်ကြောင်းပြသလျက်ရှိသည်။

ဆရာမမာရီယာသည်ပုံစံတူခွက်အသစ်တစ်လုံးကိုဒါနီရှိရာသို့ပစ္စည်းပို့သူမှတဆင့်အလျင်အမြန်ပို့ပေးခဲ့ရသည်။ ထိုပစ္စည်းထုပ်ထဲတွင် ခရစ်ယာန်စာအုပ်များကိုလည်းထည့်ပေးလိုက်ပါသည်။

"ကလေးမလေး၏စိတ်ထဲတွင်ဘုရားကိုချစ်သောစိတ်စွဲတင်လျက်ရှိသည်"။ ဟု မာရီယာ ပြောပြပါသည်။

ဒါနီနှင့်မိသားစုအတွက်ဘုရားသခင်၏နောက်ထပ်အစီအစဉ်ကိုမြင်ခွင့်ရရန်မစောင့်နိုင်တော့ကြောင်း မာရီယာပြောပြပါသည်။

ယခုသုံးလပတ်သင်လှူဒါန်းမည့်အလှူငွေသည်ဘူဂေးရီးယားနိုင်ငံ၏မြို့တော်ဆိုဖီယာ၌ရှိသော သတ္တမနေ့အသင်းတော်၏ ရောင်စုံမျှော်လင့်ခြင်းမူကြိုကျောင်းအတွက်ဖြစ်သည်။ကျောင်းအတွက်အဆောက်အဦးငှားရမ်းနေရခြင်းမှအသင်းတော်ပိုင်အဆောက်အဦးသို့ ပြောင်းရွှေ့နိုင်ရန်ဖြစ်သည်။ ကျောင်းလာတက်သောကလေးအများစုသည်သတ္တမနေ့အသင်းသားများမဟုတ်ကြပါ။ သင့်အလှူငွေဖြင့်ထိုကလေးများ၏အသက်တာပြောင်းလဲရန်ကူညီပေးနိုင်ပါလိမ့်မည်။

-ဝ-

"ငိုသောဆရာမ"

စက်တင်ဘာလ ၂၆ ရက်၊ ရေးသားသူ-မာရီယာ၊ဘူဂေးရီးယား

ယခုတစ်ပတ်ရပ်ဝေးသာသနာသတင်းစကားသည်ယခုသုံးလပတ်သာသနာစီမံကိန်းမှအကြောင်းအရာဖြစ်သည်။

ရောင်စုံမျှော်လင့်ခြင်းသတ္တမနေ့အသင်းတော်မူကြိုသည်ဘူဂေးရီးယားနိုင်ငံ၏မြို့တော်ဆိုဖီယာတွင် အမျိုးသမီးသမီးတစ်ဦး၊ ဆရာမတစ်ဦးဖြင့် စတင်တည်ထောင်ခဲ့သည်။

"မူကြိုဖွင့်မည်ဆိုလျှင်သူမကိုမေ့ထား၍မရပါ"

ရောင်စုံမျှော်လင့်ခြင်းမူကြိုတွင်ဆရာမထက်ပိုသော မာရီယာ ဟုခေါ်သောကျောင်းတည်ထောင်သူသည် ထိုမူကြိုကျောင်းဖွင့်စမှစတင်ကာ ဘုရားသခင်သည်ကျောင်းအတွက်မလိုအပ်သောအရာကို မည်သည့်အခါမျှမပေးကြောင်း သင်ယူခဲ့ရပြီးဖြစ်သည်။ကိုယ်တော်၏အသံကိုနာခံ၍အလိုတော်ကိုဝန်ခံရန်သာရှိသည်။

"ဆရာမအသစ်တော့မလိုအပ်သေးပေမယ့်၊ တန်ညာနဲ့တွေ့ရတာဝမ်းသာစရာကောင်းပါတယ်" လို့ မာရီယာ ပြောခဲ့သည်။

လူတွေ့မေးမြန်းချိန်တွင် တန်ညာသည် ခရစ်ယာန်တစ်ဦး ဖြစ်လာနိုင်ချေရှိကြောင်းတွေ့ရသည်။ တန်ညာသည်ခင်ပွန်းဖြစ်သူသတ္တမနေ့အသင်းတော်နှင့်ဆက်သွယ်လျက်ရှိကြောင်းသိ၍ သူမသည်ခင်ပွန်းဖြစ်သူနောက် အမှီလိုက်နေသူဖြစ်သည်။ စနေနေ့တွင်ခင်ပွန်းသည်သည်သူမနှင့်အချိန်ဖြုန်းသည်ထက် ဘယ်အတွက်ကြောင့်ဘုရားကျောင်း၌ပိုအချိန်ဖြုန်းသည်ကို သူမ နားမလည်နိုင်ဖြစ်နေသည်။ အလုပ်အကိုင်ကြောင့်မိသားစုနှင့်ခွဲရချိန်ကြာသော်လည်း ခင်ပွန်းသည်မှစနေနေ့တွင်ထိုသို့ဘုရားကျောင်းသွားလေ့ရှိသည်။ ခင်ပွန်းသည်မှထိုနေ့တွင်အတူဘုရားကျောင်းတက်၍ကျမ်းစာလေ့လာရန် ခေါ် ဖိတ်သော်လည်း သူမ ငြင်းပယ်ခဲ့သည်။

မာရီယာသည် တန်ညာအား ၂၀၁၆ခုနှစ်တွင်တည်ထောင်သောမူကိုကျောင်းသည် ယခုတွင်ကလေးသူငယ်အယောက် ၃၀နှင့် နှစ်နေရာခွဲ၍ ကျောင်းဖွင့်ထားကြောင်းပြောပြပါသည်။သတ္တမနေ့ဆရာများ၏ယုံကြည်ချက်နှင့်မည်သို့အလုပ်လုပ်ကြောင်းပြောပြပါသည်။ တန်ညာစိတ်နှလုံးကို ဝိညာဉ်တော်တို့ထိ၍သူမ၏စိတ်နှလုံးကိုဖွင့်ထားကြောင်း မာရီယာ ခံစားမိသည်။

ထိုစကားပြောဆိုမှုပြီးဆုံးချိန်၌ မူကြိုကျောင်းဖွင့်ခြင်းဖြင့်တွေ့ကြုံရသောစိန်ခေါ်မှုများနှင့် ဘုရားသခင်၏ အံ့ဘွယ်ပို့ဆောင်မှုများကို နာကြားခွင့်ရခဲ့သကဲ့သို့တန်ညာသည်သင်ယူလိုစိတ်ဖြစ်ပေါ်လာသောကြောင့် မာရီယာသည်သူမအားအချိန်ပိုင်းဆရာမရာထူးပေးလိုက်သည်။

၂ရက်ကြာပြီးနောက်အလုပ်ကိုလက်ခံကြောင်းတန်ညာဖုန်းနှင့်ဆက်သွယ်လာသည်။ တစ်လကြာပြီးနောက် ကျန်ရှိသောသတင်းစကား၏ အဖြစ်အပျက်ကို မာရီယာထပ်၍ သိခွင့်ရခဲ့သည်။

တန်ညာသည် လူတွေ့မေးမြန်းချိန်ပြီးသည့်နောက်စိတ်မထိန်းနိုင်ဖြစ်၍ငိုနေမိသည်။ သူမ၏ခင်ပွန်းဖြစ်သူဒန်းနစ်လပ်သည် ကားထဲ၌စောင့်နေစဉ်တန်ညာသည်ခင်ပွန်း၏ဘေးတွင်ဝင်ထိုင်၍မိနစ်၃၀ကြာ ငိုနေမိသည်။ ခင်ပွန်းသည်သည်ပြုံး၍သာ

နေပြီး သန့်ရှင်းသောဝိညာဉ်တော်သူ၏နှလုံးသားထဲတွင်အလုပ်လုပ်နေကြောင်းသိရှိပုံရသည်။

တန်ညာပြောပြပုံအရ လူတွေ့မေးမြန်းစဉ်သူမ၏နှလုံးသားထဲတွင်မာရီယာကဲ့သို့ယုံကြည်ခြင်းဖြစ်ပေါ်လာခဲ့သည်။ မူကြိုကျောင်းထဲမှထွက်လာပြီးနောက်တွင်သူမစိတ်ထဲ၌အလင်းရောင်ထွန်းလင်းကာဘဝအသစ်အစပြုသကဲ့သို့ခံစားရကာ၊ဘုရားသခင်သည်သူမကိုချစ်ကြောင်း ခံစားခဲ့ရသည်။

နောက်ဆုံးတွင်တန်ညာမျက်ရည်များသုတ်လိုက်ကာ ဒန်းနစ်လပ်ကိုသူနှင့်အတူဥပုသ်နေ့၌ဘုရားကျောင်းတက်မည်ဟုကတိပြုလိုက်ပါသည်။

မာရီယာသည်တန်ညာကိုကိုးလခန့်ကျမ်းစာသင်ပေး၍၊ ထိုနောက်တန်ညာသည်သူမ၏စိတ်နှလုံးကိုယေရှုခရစ်တော်ထံပေးအပ်ကာနှစ်ခြင်းခံယူခဲ့ပါသည်။ခင်ပွန်းဖြစ်သူဒန်းနစ်လပ်သည်ပီတိဖြစ်ရပါသည်။

အချိန်ကြာသွားပြီးမှတန်ညာသည်သူမ၏အကြောင်းကိုပြန်ပြောင်းပြောပြခဲ့သည်။ မာရီယာနှင့်လူတွေ့မေးမြန်းပြီးနှစ်ရက်အကြာ၌ သူမအလုပ်ဟောင်းမှမူကြိုကျောင်းပိုင်ရှင်သည်သူမအားပြန်ဆက်သွယ်ပြီး၊ ပိုင်ရှင်ရှယ်ယာခွဲပေးမည်ဟုဆိုကာအလုပ်ကမ်းလှမ်းခဲ့သည်။ လစာကောင်းကောင်းရသောကြောင့် အဆင်ပြေ၍ အကြွေးများလည်းအဆင်ပြေသွားမည်။ မိမိအဖွဲ့နှင့်လုပ်လိုသော အစီအစဉ်အတိုင်းလုပ်ကိုင်ခွင့်ရမည်ဖြစ်သည်။ ထိုကမ်းလှမ်းမှုသည် စုံစမ်းခြင်းဖြစ်သည်။ တန်ညာသည်သေချာစဉ်းစား၍ယခုကမ်းလှမ်းချက်အားလက်ခံလိုက်လျှင်တန်ဖိုးမဖြတ်နိုင်သောအရာကိုသူမဆုံးရှုံးရတော့မည်ကို သိရှိသည်။ ထိုကြောင့်မာရီယာကိုအချိန်ပိုင်းအလုပ်လက်ခံကြောင်း ဖုန်းဆက်အကြောင်းကြားလိုက်ပါသည်။

ယနေ့တွင် တန်ညာသည်သတ္တမနေ့အသင်းတော်မူကြို၏ဒုတိယကျောင်းခွဲ၌ဦးဆောင်လျက်ရှိသည် ။မူလကျောင်းကိုမာရီယာဦးဆောင်လျက်ရှိသည်။ ဒန်းနစ်လပ်နှင့်တန်ညာဇနီးမောင်နှံသည်ထိုနေရာ၌အသင်းတော်တည်ထောင်နိုင်ရန်အစပျိုး

သောအမှုတော်ဆောင်များဖြစ်လာခဲ့သည်။ ဆိုဖီယာမြို့တော်၏ သတ္တမနေ့အသင်းသားများမရှိသောနေရာ၌ အသင်းတော်တည်ထောင်နိုင်ရန် အမှုတော်စတင်ဆောင်ရွက်လျက်ရှိကြောင်း မြင်တွေ့နိုင်ပါသည်။

"ကိုယ်တိုင်ကဘာမှမလုပ်ကိုင်နိုင်ဘူးဆိုတာသိချိန်၌အံ့ဩစရာကောင်းနေပါတယ်" "သခင်ယေရှုက၊ ငါ၌မတည်လျှင်သင်တို့သည်အဘယ်အမှုကိုမျှမတတ်နိုင်" ဟုမာရီယာပြောခဲ့ပါသည်။ သင်သည် ကိုယ်တော်၏လက်တော်သို့ အကုန်အပ်နှံ၍၊ ကိုယ်တော်အားအခွင့်ပေးလျှင်ကိုယ်တော်သည်အံ့ဘွယ်အမှုကိုပြုတော်မူမည်။

ယခုသုံးလပတ်အလှူငွေသည်ရောင်စုံမျှော်လင့်ခြင်းမူကြိုကျောင်းကိုအငှားအဆောက်အဦးမှ အသင်းတော်ပိုင်သို့ပြောင်းရွှေ့နိုင်ရန်အကူအညီပေးမည်ဖြစ်သည်။ ကျောင်းသားအများစုသည် သတ္တမနေ့အသင်းသားများမဟုတ်ကြပါ။ အချို့မှာဘုရားကိုပင်မယုံကြည်သူများဖြစ်ပါသည်။ သင်လှူဒါန်းသောအလှူငွေအားဖြင့်ထိုကလေးများနှင့်မိသားစုတို့၏အသက်တာပြောင်းလဲသွားစေမည်ဖြစ်၍အခြားသာသနာစီမံကိန်းအတွက်လည်း၊ အကျိုးရှိမည်ဖြစ်သည်။ အင်တာ-ယူရိုဒီဗီဇံ၌ရိုမေးနီးယားနိုင်ငံအတွက်ကျောင်းနှစ်ကြောင်း၊ ဘယ်ဂျီယံ၌လူငယ်တောစခန်းသွားခြင်း၊အသင်းတော်အစည်းအဝေးပွဲနှင့်သင်ကြားရေးအဆောက်အဦးများ၊အီတလီနိုင်ငံဖလောရင့်မြို့၌ရှိသောအီတာလျံဓမ္မတက္ကသိုလ်ဗီလာအောရိုရာ၏ ဘော်ဒါဆောင်များဆောက်လုပ်ရန် ဖြစ်ပါသည်။ သင်၏အလှူငွေအတွက်အထူးကျေးဇူးတင်ပါသည်။

-၀-